# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၀)ရက် ၊ တနင်္ဂနွေနေ့ ၊ (23-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၅)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့အိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပမည့် **စာမျက်နှာ ၁၈ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်တို့ တွေ့ဆုံဆွေးနွေးစဉ်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး မိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား

စာမျက်နှာ - ၁၇



## ကရင်ပြည်နယ် ရသေ့ပျံဂူနှင့် အလဝံအင်းခရီးစဉ်ဒေသ ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိ

**ဘားအံ ဩဂုတ် ၂၂**

ကရင်ပြည်နယ်အတွင်း ခရီးစဉ်ဒေသအသစ်များ ထပ်မံဖော်ထုတ်၍ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများပူးပေါင်းပါဝင်သော ခရီးစဉ်ဒေသများဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရသေ့ပျံကျေးရွာ၊ ရသေ့ပျံဂူနှင့် အလဝံအင်းသည် မြို့ပြရှုပ်ထွေးမှုများနှင့် ကင်းဝေးသော အေးချမ်းသည့် ပတ်ဝန်းကျင်ဒေသဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ နေ့စဉ် လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘားအံမြို့နယ် ရသေ့ပျံကျေးရွာအနီးရှိ ရသေ့ပျံဂူနှင့် အလဝံအင်းခရီးစဉ်ဒေသကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကြည့်ရှုစစ်ဆေးပြီး ခရီးစဉ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ **စာမျက်နှာ ၁၈ ကော်လံ ၄** ❍

## ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ဝဲနှင့်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဟသ်ာတ ဩဂုတ် ၂၂**

ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝဲနှင့်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေးအတွက် မျောတုတ်တန်းအပြင်ဘက်ခြမ်းတွင် ပိုမိုတောင့်တင်းစေရန် လူအင်အားသုံး၍ နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများအပါအဝင် Stand Pipe ကို ကရိန်းအသုံးပြု၍လည်းကောင်း၊ ပန်းတာရေဝင်လမ်းပိတ်ဆို့ကာကွယ်မည့် Geobags ချသည့် ဒဂုန်စာမရီရေယာဉ်နှင့် **စာမျက်နှာ ၁၈ ကော်လံ ၁** ❑



ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၂၃ ရက်

အယ်ဒီတာ့အာဘော်

# မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနှင့် သံတမန်စာမျက်နှာသစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို အထွတ်အထိပ်သို့ ပို့ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ပထဝီအနေအထားအရ အလှမ်းကွာဝေးသော်လည်း အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုတို့အပေါ် အခြေခံထားသော နှစ်နိုင်ငံဆက်ဆံရေးသည် ယခုအခါ ခိုင်မာသည့်မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ ရောက်ရှိလာခဲ့ပြီကို မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သော နှစ်နိုင်ငံအဆင့်မြင့်တွေ့ဆုံပွဲနှင့် သတင်းစာရှင်းလင်းပွဲများက သက်သေပြလျက်ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင် နှစ်ဦး၏ ရိုးသားပွင့်လင်းပြီး ရင်းနှီးကျွမ်းဝင်သည့်ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကို အကောင်အထည်ဖော်ရန် ခိုင်မာသော အခြေခံအုတ်မြစ်များကို ချမှတ်နိုင်ခဲ့ကြသည်။

ယခုကဲ့သို့ သမိုင်းဝင်ခရီးစဉ်တွင် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား တရားမနှင့် ကူးသန်းရောင်းဝယ်ရေး၊ ပြစ်မှုဆိုင်ရာအကူအညီပေးရေး၊ ရွေးကောက်ပွဲကော်မရှင်ချင်း ပူးပေါင်းရေး၊ အာကာသ၊ သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ မဟာဗျူဟာလေ့လာရေး၊ ချေးငွေဆိုင်ရာမူဘောင်နှင့် မီဒီယာကဏ္ဍ စသည်တို့ပါဝင်သည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် ကိုးခုကို အောင်မြင်စွာ လက်မှတ်ရေးထိုးလဲလှယ်နိုင်ခဲ့ခြင်းသည် နှစ်ဖက်အကျိုးဖြစ်ထွန်းမှုကို လက်တွေ့ဖော်ဆောင်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို သံရုံးအဖြစ် တရားဝင်အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့် နှစ်နိုင်ငံအကြား ဗီဇာကင်းလွတ်ခွင့်များ အသက်ဝင်လာခြင်းတို့က ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုနှင့် ခရီးသွားလုပ်ငန်းများကို ပိုမိုတိုးမြှင့်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်ငြိမ်အေးချမ်းစွာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်အတူ ဘယ်လာရုစ်နိုင်ငံမှ အဖွဲ့များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ရာ ဘယ်လာရုစ်ဘက်ကလည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် ပြုပြင်ပြောင်းလဲမှုကြိုးပမ်းချက်များကို အပြည့်အဝထောက်ခံ အသိအမှတ်ပြုကြောင်း ထုတ်ဖော်ပြသခဲ့သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဗျူရိုကရက်တစ်ယန္တရားများကို ကျော်လွန်၍ သဘောတူညီချက်များကို အမြန်ဆုံးအကောင်အထည်ဖော်ပေးမည့် အာမခံချက်သည် နှစ်နိုင်ငံဆက်ဆံရေး၏ စစ်မှန်သော မိတ်ဆွေကောင်းပီသမှုကို ဖော်ညွှန်းနေသည်။

ယခုခရီးစဉ်မှရရှိလာသည့် အပြုသဘောဆောင်သောရလဒ်များသည် နှစ်နိုင်ငံအကြား တည်ဆောက်ထားသော နက်ရှိုင်းသည့်ယုံကြည်မှု၏ အသီးအပွင့်များဖြစ်ပြီး အနာဂတ်ကာလတွင်လည်း ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ အပြန်အလှန်ထောက်ခံရပ်တည်သွားကြမည့် မိတ်ဖက်ဆက်ဆံရေးအတွက် ခိုင်မာသောခွန်အားတစ်ရပ်ဖြစ်လာမည်မှာ အသေအချာပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ စတုတ္ထအကြိမ်မြောက် ဘယ်လာရုစ်ခရီးစဉ်သည် မြန်မာနိုင်ငံအတွက် စိုက်ပျိုးမွေးမြူရေး၊ စက်မှု၊ အာကာသနည်းပညာ၊ ပညာရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍပေါင်းစုံတွင် အဖိုးတန်သည့် နည်းပညာများနှင့် အတွေ့အကြုံများကို ရရှိစေမည့်အပြင် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသမိုင်းတွင် ရွှေရောင်လွှမ်းသောစာမျက်နှာသစ်တစ်ခုကို ထပ်မံရေးထိုးစိုက်ထူနိုင်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်ပင်ဖြစ်ပါကြောင်း ဂုဏ်ယူရေးသားလိုက်ရပေသည်။

# ပုသိမ်ကြီးမြို့နယ် မင်းရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းရဲလှကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၈၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၈၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဝါ ၁၆၈၂၂ ဧကစိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဝါ ၈၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဝါ ၁၆၈၂၂ဧကလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၈၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိရေး၊ ဝါသီးနှံအောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး နည်းပညာများပေးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ငရုတ်သီးခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ ငရုတ်သီးခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ငရုတ်သီးခြောက်များ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခု ဇလွန်မြို့နယ်မှာ ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းပြီး မှိုကင်းစင်တဲ့ ငရုတ်သီးတွေဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ၊ လုပ်သားတွေ၊ ကုန်သည်တွေ အဆင်ပြေလာပါတယ်။ အခုနှစ် ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းနေတာက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေကောင်းနေတာပါ"ဟု ဇလွန်မြို့နယ် စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြသည်။

ဇလွန်မြို့နယ်မှ တောင်သူများ စိုက်ပျိုးသည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါနှင့် မှိုကပ်သည့် အန္တရာယ်ကင်းရှင်းကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# အမရပူရမြို့နယ် ကြည့်မြင်တိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ကြည့်မြင်တိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြည့်မြင်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၇ ဒသမ ၂ သန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၀ ဒသမ ၈ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို ငွေကျပ် ၃၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ကျောက်ဆည်မြို့နယ် ညောင်ရွှေအခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျောက်ဆည် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ကျောက်ဆည်မြို့နယ် ညောင်ရွှေအခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ညောင်ရွှေအခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိုးညွန့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်နှင့်ရည်မှန်းချက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင် ဒေါ်ခင်ချို (သီတဂူကျောက်ဆည်)က လူငယ်နှင့်အချိန် ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၃၅၇၀ စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၃၅၇၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးဖို့အတွက် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ကလေးမြို့နယ်တွင် ၂၆၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၂၀၂ ဧက၊ မင်းကင်းမြို့နယ်တွင် ၇၁၇ ဧက စုစုပေါင်း ဧက ၃၅၇၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ကြက်သွန်နီ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကြက်သွန်နီ စိုက်ပျိုးရာမှာ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ကလေးခရိုင်တွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီ စိုက်တောင်သူများ ကြက်သွန်နီကို ကြာရှည်စွာ အထားခံနိုင်ရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီ ဖြစ်စေရန်အတွက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြစ်သားမြို့နယ် ငါးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငါးဆူကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဧည်ယာဆန်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဧည်ယာဆန်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဧည်ယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဧည်ယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဧည်ယာဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဒီဧည်ယာဆန်က စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ဧည်ယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် လတ်တလော အနေနဲ့ ဧည်ယာဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဧည်ယာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဧည်ယာဆန်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ရှုထောင့်ပြောင်းကြည့်ပါ

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းတစ်ခုတွင် ရောင်းသူ၊ ဝယ်ယူသူ၊ ဝန်ထမ်း၊ လုပ်ငန်းနှင့်ဆက်စပ်သူများ၊ ငွေချေးငှားသူ စသည်ဖြင့် ပါဝင်သူအမျိုးမျိုးရှိသကဲ့သို့ အမြင်လည်းအမျိုးမျိုးရှိကြသည်။ ထိုရှုထောင့်အမျိုးမျိုးအနက် လုပ်ငန်းအတွက် အသုံးများသော ရှုထောင့်ကိုကြည့်မည်ဆိုပါက ရောင်းသူ၏ရှုထောင့်တွင် အရင်းအနှီး၊ ကုန်ကျစရိတ်များ၊ အမြတ်အစွန်း၊ ကုန်ထုတ်စွမ်းအား၊ ပစ္စည်းအရည်အသွေး၊ ရောင်းချမည့်နည်းလမ်းများ စသည်တို့နှင့်ပတ်သက်သည့် အမြင်များဖြစ်ကြသည်။ ရောင်းသူ၏ရှုထောင့်အပြင် အများဆုံးတွေ့ရမည့် ကျန်တစ်ခုမှာ ဝယ်ယူသူ၏ရှုထောင့်ဖြစ်သည်။ ဝယ်ယူသူ၏လိုအပ်ချက်၊ တန်ဖိုးထားမှု၊ ငွေကြေးတတ်နိုင်မှု၊ ငွေကြေးနှင့် ထိုက်တန်ခြင်းရှိ၊ မရှိနှင့် စိတ်ကျေနပ်မှုတို့သည် ဝယ်ယူသူဘက်မှကြည့်သည့် ရှုထောင့်များဖြစ်သည်။

ထိုရှုထောင့်နှစ်ခုအပြင် အရေးကြီးသော ရှုထောင့်တစ်ခုမှာ လုပ်ငန်းပြိုင်ဘက်၏ ရှုထောင့်ဖြစ်သည်။ ပြိုင်ဘက်များ၏အားသာချက်၊ အားနည်းချက်၊ ဈေးကွက်ဝေစုနှင့် မဟာဗျူဟာများ၊ ဈေးကွက်ထိုးဖောက်မှုနည်းလမ်းများ စသည်ဖြင့် လေ့လာဆန်းစစ်သည့် ရှုထောင့်များရှိကြသည်။ ထိုရှုထောင့်နှင့်အတူ မိမိလုပ်ငန်းအတွင်းမှ ဝန်ထမ်းများ၏ ရှုထောင့်မှအမြင်များလည်းရှိကြသည်။ လုပ်ငန်းတစ်ခုတွင် ပြင်ပစီးပွားရေးအမြင်များ၊ ဥပဒေစည်းမျည်း၊ စည်းကမ်းများ စသည်တို့လည်းရှိကြသည်။ ရောင်းချသူအသီးသီးသည် မိမိ၏ရောင်းချသူရှုထောင့်မှကြည့်ပြီး လုပ်ငန်းအတွေ့အကြုံများနှင့်ပေါင်းစပ်၍သာ စဉ်းစားသုံးသပ်ပြီး လုပ်ငန်းကိုဆောင်ရွက်ကြသည်။

ထိုအခါ ထောင့်ပြောင်း၍ ကြည့်တတ်သော အခြားလုပ်ငန်းတူ ပြိုင်ဘက်များနှင့်ယှဉ်ပါက လုပ်ငန်းသည် တဖြည်းဖြည်းကျဆင်းလာတတ်သည်။ ထို့ကြောင့် လုပ်ငန်းကို ရောင်းသူရှုထောင့်တစ်ခုတည်းကသာကြည့်၍ လုပ်ငန်းဆက်လုပ်နေခြင်းအစား မိမိလုပ်ငန်းကို အခြားရှုထောင့်များကပါကြည့်၍ အနာဂတ်ကို ပြောင်းလဲသင့်သည်။ စီးပွားရေးလုပ်ငန်းတွင်သာမက အခြားမည်သည့်လုပ်ငန်းဖြစ်စေ၊ မည်သူပင်ဖြစ်စေ မြင်နေကြ၊ ကြည့်နေကြ ရှုထောင့်တစ်ခုက အခြားရှုထောင့်တစ်ခုကိုကြည့်လျှင် ပုံသေရှုမြင်၍ အတွေးအခေါ်ပိုင်းနှင့် စဉ်းစားချင့်ချိန်မှုအပိုင်းတွင်လည်း သမားရိုးကျအတိုင်းသာဖြစ်နေတတ်သည်။ အခြားရှုထောင့်ကကြည့်မှသာ မိမိကိုယ်ကိုလည်း မည်သို့ရှိသည်ကို မြင်နိုင်မည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အရောင်းကျဆင်းနေသော် ပြင်ဆင်မှုများမပြုလုပ်ဘဲ မိမိကုန်ကျစရိတ်များကို ငဲ့ကွက်ကာ အရောင်းပြန်တက်လာနိုင်သည်ဟုရှုမြင်ပြီး လုပ်နေကြအတိုင်း ဆက်လက်ရောင်းချနေတတ်ကြသည်။ ဝယ်ယူသူ၏ရှုထောင့်၊ ဈေးကွက်ဖော်ဆောင်သူ၏ရှုထောင့်တို့မှ ကြည့်သည့်အခါမှသာ အရောင်းကျဆင်းရခြင်း၏ အခြေအနေကို အမှန်အတိုင်းမြင်နိုင်မည်ဖြစ်သည်။

❖ လုပ်ငန်းကို ရောင်းသူရှုထောင့် တစ်ခုတည်းကသာကြည့်၍ လုပ်ငန်းဆက်လုပ်နေခြင်းအစား မိမိလုပ်ငန်းကို အခြားရှုထောင့်များ ကပါကြည့်၍ အနာဂတ်ကိုပြောင်းလဲသင့်သည်။ စီးပွားရေးလုပ်ငန်း တွင်သာမက အခြားမည်သည့်လုပ်ငန်းဖြစ်စေ၊ မည်သူပင်ဖြစ်စေ မြင်နေကြ၊ ကြည့်နေကြရှုထောင့်တစ်ခုက အခြားရှုထောင့်တစ်ခုကို ကြည့်လျှင် ပုံသေရှုမြင်၍ အတွေးအခေါ်ပိုင်းနှင့် စဉ်းစားချင့်ချိန်မှု အပိုင်းတွင်လည်း သမားရိုးကျအတိုင်းသာဖြစ်နေတတ်သည်။ အခြား ရှုထောင့်ကကြည့်မှသာ မိမိကိုယ်ကိုလည်း မည်သို့ရှိသည်ကို မြင်နိုင် မည်ဖြစ်သည်။ ❖

**ဘာကြောင့်ရှုထောင့်ပြောင်းကြည့်သင့်ပါသလဲ**

ဖောက်သည်အစစ်အမှန်၏ လိုအပ်ချက်ကို သိရှိနိုင်ရန် ရှုထောင့်ပြောင်းပြီး ကြည့်သင့်သည်။ ဟားဗတ်စီးပွားရေးတက္ကသိုလ်၏ ပါမောက္ခတစ်ဦးဖြစ်သူ Theodore levitt က ရောင်းသူဘက်ကနေ၍ ကုန်ပစ္စည်းတစ်ခုဟု မြင်ပြီးရောင်းချခြင်းမျိုးမလုပ်ဘဲ ဝယ်ယူသူလိုအပ်သည့်အရာကိုသိအောင် ဝယ်ယူသူနေရာက ထောင့်ပြောင်း၍ကြည့်ပြီး ရောင်းချရန်လိုသည်။ ဆန်းသစ်တီထွင်မှုအားလုံးသည် သမားရိုးကျအမြင်များမှ ခွဲထွက်ပြီး ရှုထောင့်အသစ်များမှ ကိစ္စတစ်ခုအပေါ် ပြောင်းလဲကြည့်ရာမှဖြစ်ပေါ်လာကြခြင်းဖြစ်သည်။ ဖောက်သည်၏ လိုအပ်ချက်၊ စိတ်ခံစားချက်တို့ကို လေ့လာပြီး ဆန်းသစ်တီထွင်မှုများ ဖြစ်ပေါ်ခြင်းဖြစ်သည်။

ပြောင်းလဲကြည့်ရန် လိုအပ်သည့်အခြားအချက်တစ်ခုမှာ ရေရှည်ရပ်တည်နိုင်ရန်အတွက်ဖြစ်သည်။ တစ်နပ်စားသမားများအတွက် မလိုအပ်သော်လည်း အောင်မြင်ကြီးပွားတိုးတက်ပြီး ရေရှည်တည်တံ့လိုသောလုပ်ငန်းရှင်တစ်ဦးအနေဖြင့် ဖောက်သည်၏ ရှုထောင့်မှပြောင်း၍ကြည့်နိုင်ရန် အထူးလိုအပ်သည်။ ရေရှည်တည်တံ့ရန်အတွက် ပြောင်းလဲနေသော ဈေးကွက်လိုအပ်ချက်နှင့် ဝယ်ယူသူများ၏ စိတ်နေသဘောထားကို သိထားရန်အတွက် ဝယ်ယူသူ၏ အမြင်ဘက်မှ ရှုထောင့်ပြောင်းကြည့်နိုင်ရန်လိုအပ်သည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မွေးဖွားသည့် Generation Alpha လူငယ်များသည် ယခင် လူကြီးလူလတ်များ၏အမြင်များနှင့် များစွာကွဲထွက်လာပြီး ၎င်းတို့၏လိုအပ်ချက်များသည် တစ်မူထူးခြားနေတတ်သည်။ ဖောက်သည်၏ လိုအပ်ချက်အစစ်အမှန်ကိုသိရန်၊ ဆန်းသစ်တီထွင်မှုပြုလုပ်နိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် ရှုထောင့်ပြောင်းကြည့်ရန် လိုအပ်ရသည်။

**ရောင်းသူရှုထောင့်၏ အဓိက အားနည်းချက်များ**

ရောင်းသူအများစုသည် မိမိကုန်ပစ္စည်း၊ ကုန်ထုတ်နိုင်စွမ်း၊ ကုန်ကျစရိတ်၊ ရရှိမည့်အမြတ်အစွန်းတို့ကိုသာ ဦးစားပေးစဉ်းစားလေ့ရှိသည်။ အဆိုပါရှုထောင့်ဖြင့်ကြည့်ရှုခြင်းကို အတွင်းမှအပြင်ကြည့်အမြင်နှင့်အတွေး (Inside-Out Thinking)ဟုခေါ်ကြသည်။ ကုန်ပစ္စည်းတစ်ခုကို ရောင်းချရန်အတွက် ပစ္စည်းအရည်အသွေးကောင်းကောင်းကို ကုန်ကျစရိတ်နည်းနည်းဖြင့်ထုတ်လုပ်ပြီး အမြတ်များများရအောင်ဆောင်ရွက်ရေးသည် ရောင်းသူအများစု၏ အတွေးဖြစ်သည်။ များများရောင်းလိုလျှင် ဈေးလျှော့လိုက်မည်၊ အခြားပြိုင်ဘက်များထက် ဈေးလျှော့ရောင်းမည် စသည်ဖြင့်တွေးတတ်သည်။ အမှန်တွေ့ကြုံရသည်မှာ အခြားလုပ်ငန်းတူပြိုင်ဘက်များသည်လည်း မိမိကဲ့သို့ပင် ဆောင်ရွက်လျက်ရှိသဖြင့် ရောင်းအားတိုးစေရန် ခက်ခဲခြင်းဖြစ်သည်။ ဖောက်သည်၏အသံ၊ အမြင်တို့နှင့် ကင်းကွာသွားတတ်သည်။ ထိုအချက်သည် ရောင်းသူရှုထောင့်၏ အားနည်းချက်ပင်ဖြစ်သည်။

**ဝယ်ယူသူရှုထောင့်မှကြည့်ရှုခြင်း**

ဝယ်ယူသူသည် ဝယ်ယူသူရှုထောင့်မှမဟုတ်ဘဲ ရောင်းသူ၏ဘက်မှ ပြန်ကြည့်ခြင်းမျိုးဖြစ်သည်။ ထိုသို့ကြည့်ရှုခြင်းကို ပြင်ပမှအတွင်းသို့ ကြည့်သည့်ရှုထောင့်မှအမြင် "Outside-In Thinking" ဟုခေါ်တတ်သည်။ ဈေးကွက်တွင် ပုံစံတူ၊ အမျိုးတူပစ္စည်းအများအပြားရှိနေတတ်သော်လည်း အမှတ်တံဆိပ်ဖြစ်စေ၊ လိုအပ်ချက်တစ်ခုဖြစ် ရွေးချယ်ခြင်းကိုဖြစ်စေ ဝယ်ယူသူများလုပ်လေ့ရှိသည်မှာ မိမိတို့စိတ်ကျေနပ်မှု၊ မိမိပြဿနာကို မည်မျှထိ အကောင်းဆုံးဖြေရှင်းပေးမည်လဲဟူသောအချက်ကို ဖြေရှင်းပေးနိုင်မည်ဟု ယူဆသည့်ပစ္စည်းကို ရွေးချယ်ဝယ်ယူတတ်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဝယ်ယူသူလိုအပ်သည့် အဓိကအချက်(Pain Point of Customers)ကိုရှာဖွေခြင်းဖြစ်သည်။ ထိုသို့ရှာဖွေရရှိရန်အတွက် ဝယ်ယူသူ၏ရှုထောင့်ကကြည့်မှသာ သိနိုင်မည်ဖြစ်သည်။ ဝယ်ယူသူများသည် ကုန်ပစ္စည်းတစ်ခုကို ရှာဖွေခြင်းမဟုတ်ပါ။ မိမိကြုံတွေ့ရသည့်ပြဿနာကို ဖြေရှင်းခြင်းသာဖြစ်သည်ကို နားလည်ရန်လိုအပ်သည်။ ထို့အတူ တန်ဖိုးထားမှုကို သိရှိထားရမည်။ ငွေကြေးတန်ဖိုးအပြင် ငွေကြေးမဟုတ်သော တန်ဖိုးများဖြင့်လည်း ရောင်းချရန်လိုအပ်သည်။ ဝယ်ယူသူဘက်က အမြင်မှာတန်ဖိုးရှိသည်များလိုချင်သည်။ ပေးလိုက်ရသောငွေကြေးဖြင့် တန်ဖိုးမည်မျှရှိသည်ကိုရသည်ဟု သိလိုသည်။ ထိုက်တန်သလားဟု စဉ်းစားမည်ဖြစ်သည်။

အခြားသောအလေးထားရမည့် ရှုထောင့်တစ်ခုလည်းရှိသည်။ လုပ်ငန်းတူပြိုင်ဘက်၏ ရှုထောင့်မှ မိမိလုပ်ငန်းကို ပြန်ကြည့်ခြင်းဖြစ်သည်။ မိမိလုပ်ငန်း၏အားသာချက်များကိုသာကြည့်၍ မိမိဖာသာကျေနပ်နေခြင်းအစား ပြိုင်ဘက်၏ရှုထောင့်မှကြည့်ပြီး မိမိ၏အားနည်းချက်၊ ဖောက်သည်များ လက်လွတ်သွားရသည့်အကြောင်းများကို အမှန်ရှုမြင်နိုင်ရန်လည်း လိုအပ်သည်။ အကြံပေးသူ၏ စနစ်တကျရှုထောင့်ဖြင့်လည်း ကြည့်နိုင်ရန် လိုအပ်သည်။ မိမိလုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များ၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဘက်မလိုက်ဘဲ မှန်မှန်ကန်ကန်၊ စနစ်တကျဖြင့် ကြည့်ရှုခြင်း၊ အနာဂတ်တွင် ပြောင်းလဲလာမည့်အခြေအနေတို့ကိုလည်း သိရှိနိုင်ရန် ဤသို့ရှုထောင့်ပြောင်း၍ ကြည့်သင့်သည်။

**ဘူးအပြင်ကကြည့်ပါ**

ကျွန်တော်တို့သည် ကြည့်ရိုးကြည့်စဉ်၊ လုပ်ရိုးလုပ်စဉ်တို့ကိုသာ လုပ်လေ့ရှိသည်။ များသောအားဖြင့် အမေရိကန်နိုင်ငံသား Daniel Kahneman ၏ Thinking, Fast and Slow. စာအုပ်တွင်ပါသကဲ့သို့ လုပ်ရိုးလုပ်စဉ်များသည် စဉ်းစားရန်မလိုလောက်အောင်မြန်သဖြင့် အမြန်စဉ်းစား၍တွေးခြင်းကို လူတိုင်း၊ လုပ်ငန်းရှင်တိုင်းလုပ်ကြပြီး ဘက်လိုက်မှုများလည်းဖြစ်လာတတ်သည်။ ထို့ကြောင့် ဖောက်ထွက်၍ ဆန်းသစ်သည့်စဉ်းစားခြင်းဖြင့် ရှုထောင့်သစ်မှ စဉ်းစားသင့်သည်။ မိမိလုပ်ငန်းကို ဖောက်သည်တစ်ဦး၊ ပြိုင်ဘက်တစ်ဦး အမြင်မျိုးဖြင့် စဉ်းစားတွေးခေါ်လုပ်ကိုင်ခြင်းကို "Outside the box thinking" ဘူးအပြင်က အမြင်ဖြင့် ရှုမြင်ခြင်းဟုဆိုသည်။ ဆန်းသစ်တီထွင်မှုများသည် မတူကွဲပြားသော ရှုထောင့်မှကြည့်ခြင်းဖြင့်သာ ထွက်ပေါ်လာတတ်သည်။ ထို့ကြောင့် ရောင်းချသူများသည်လည်း မတူကွဲပြားသောအမြင်၊ လုပ်ပုံကိုင်ပုံရရှိစေရန်အတွက် မိမိတို့လုပ်ငန်းဖက်မှအမြင်အပြင် ပြင်ပမှကြည့်သော အမြင်အတွေးများကို ရယူတတ်မှသာလျှင် လုပ်ငန်းအောင်မြင်မည်ဖြစ်သည်။ ထိုသို့စဉ်းစားခြင်းသည် ဦးထုပ်ရောင်းနေသည်နှင့်တူသည်။ ဝယ်ယူသူအတွက် ဦးထုပ်၏ပထမဦးဆုံးလိုအပ်ချက်သည် ခေါင်းဖြင့်တော်ရေးပင်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်သည် မိမိအတွေးထက် ဝယ်ယူသူအတွေးကို သိထားမှသာ ဦးထုပ်ရောင်းရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ယခင်က ရောင်းသူများ၊ လုပ်ငန်းရှင်များသည် သမားရိုးကျနည်းလမ်းများဖြင့် သာလုပ်ကိုင်တတ်ကြ၊ စဉ်းစားလေ့ရှိသဖြင့် ခေတ်ရေစီးကြောင်းနှင့် ကင်းကွာခြင်း၊ ခေတ်လူငယ်များ၏ အတွေးအမြင်များနှင့် ကင်းကွာခြင်းတို့ကြောင့် လုပ်ငန်းကို ရေရှည်တည်တံ့ရန် ရုန်းကန်ရခြင်း၊ အချို့လုပ်ငန်းများ လုံးဝပျောက်ကွယ်သွားခြင်းမျိုးလည်းကြုံရသည်။ ဥပမာအားဖြင့် ကီးပက်ဖုန်းများ၏ဈေးကွက်တွင် စမတ်ဖုန်းများ ဝင်ရောက်နေရာယူသွားသည်ကိုတွေ့မြင်နိုင်သည်။ ထိုအချက်ကိုကြည့်၍ ဆန်းသစ်သောအမြင်များမှ ဆန်းသစ်သောထုတ်လုပ်မှုများဖြစ်လာပြီး ဈေးကွက်သစ်များလည်းဖြစ်ပေါ်လာသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပုံမှန်လုပ်ရိုးလုပ်စဉ်၊ ကြည့်နေကြအမြင်၊ တွေးနေကြအတွေးများမှ ရှုထောင့်ပြောင်း၍ကြည့်ခြင်းဖြင့် မိမိလုပ်ငန်း၏အားသာချက် အားနည်းချက်များကို ရှုမြင်မိပြီး ပိုမိုကောင်းမွန်အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- Philip Kotler and Kellers' Marketing Management.

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒ့ါအပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရေဘေးသင့်သူ တို့ဝိုင်းကူ

- သဘာဝ၏ မျှတမှုကင်း
မိုးရွာခြင်းက ထန်ပြင်းလွန်ကဲလှပါသည်။

- မိုးများများရွာ ချောင်းမြစ်ညာက
တိုးလာရေလှိုင်း မြင်းဒုန်းစိုင်းသို့
ရေရိုင်းရေဝိုင်း ပတ်ပတ်လည်။

- သစ်တောသစ်ပင် ရေအလျဉ်ကြောင့်
တွင်တွင်မျောပါ ရေစီးမှာလျှင်
ရှုမြင်မကောင်းရှိခဲ့ပြီ။

- ရေစီးသန်သန် ရေကြောင်းမြန်၍
တစ်ဖန်လယ်ယာ ဖုံးလွှမ်းကာဖြင့်
မျောပါကျွဲနွား များတော့သည်။

- ရေကြီးရေလျှံ ချောင်းမြစ်ကန်မှ
တစ်ဖန်မြို့ရွာ ဝင်ရောက်လာ၍
ကြီးစွာရေဘေးသင့်ရပြီ။

- အိုးအိမ်တိုက်တာ ရေလွှမ်းလာမို့
လွတ်ရာလွတ်ကြောင်း ရွှေ့ကာပြောင်းရင်း
ဆင့်လောင်းဒုက္ခဝဲမှာတည်။

- ရေဘေးသင့်သူ တို့ဝိုင်းကူဖို့
ညီတူလက်တွဲ ခိုင်ခိုင်မြဲဖြင့်
မလွဲသွားရောက် စာနာထောက်လျက်
မေတ္တာဖက်ခါ ပေးဆက်ကူညီ
ထမ်းပိုးပီသား စုပေါင်းအားသည်
စိတ်ထားကောင်းမြတ်လှသည်ကို.....။ ။

မန်းတင့်မော်

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၇၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယင်းမာပင် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၇၁၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၀၂၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက၂၇၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၆၀၂၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ဧက ၂၇၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေး နေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် ယင်းမာပင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းများ၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# လဲချားမြို့နယ် မတ်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

လဲချား ဩဂုတ် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မက်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မတ်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် ရာသီပေါ်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ကြရန်နှင့် ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာရှိ ရာသီပေါ်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၈၉ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **မောင်ခိုင်**

# သနပ်ပင်မြို့နယ် ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သနပ်ပင် ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်မဲကျေးရွာအုပ်စု ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျိုက်မဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၂၄၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၆၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၈၁ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်ရှစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နွံ့ယဉ်**

# ကနေဒါပို့ကုန်များအပေါ် ၅၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မှု အမေရိကန်နိုင်ငံ ချမှတ်ပြဋ္ဌာန်း



**ဝါရှင်တန် ဩဂုတ် ၂၂**

ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ရယူရေး ကြိုးပမ်းမှုများ ပျက်ပြားခဲ့ပြီးနောက် အမေရိကန်အစိုးရက ယနေ့တွင် ကနေဒါပို့ကုန်အချို့အပေါ် ၅၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်အစိုးရက တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ တန်ဖိုးရှိ ကနေဒါပို့ကုန်များအပေါ် ၅၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုသည် ယနေ့ သန်းခေါင်ယံတွင် စတင်အာဏာသက်ဝင်မည်ဖြစ်သည်။

အမေရိကန်အစိုးရက ၅၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ခဲ့သည့် ကနေဒါပို့ကုန်ပမာဏမှာ အမေရိကန်နိုင်ငံသို့ ကနေဒါနိုင်ငံက တင်ပို့နေသည့် ပို့ကုန်ပမာဏ စုစုပေါင်း၏ ငါးရာခိုင်နှုန်းမျှသာ ရှိကြောင်းသိရသည်။

သို့ရာတွင် အဆိုပါအခွန်စည်းကြပ်မှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးတို့ကြား ဆက်ဆံရေး ပိုမိုတင်းမာမှုကို ပြသလျက်ရှိသည်။

အမေရိကန်နိုင်ငံ၏ အဆိုပါ အခွန်စည်းကြပ်မှုကြောင့် အမေရိကန်၊ မက္ကဆီကို၊ ကနေဒါနိုင်ငံတို့ကြား လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက် ရယူရေး လုပ်ငန်းစဉ်မှာ ပိုမိုအခက်အခဲရှိလာနိုင်သည်။

အမေရိကန်အစိုးရ၏ အခွန်စည်းကြပ်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နှင့် ကနေဒါ နှစ်နိုင်ငံ ကုန်သွယ်ရေးဆွေးနွေးပွဲများကို ရပ်ဆိုင်းထားမည်ဟု ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တူရကီယဲသမ္မတ အာဒိုဂန်ကို ဂျူးဆန့်ကျင်ရေးဝါဒီတစ်ဦးအဖြစ် အစ္စရေးဝန်ကြီးချုပ်ရုံး ဝေဖန်ပြောကြား

**ဂျေရုဆလင် ဩဂုတ် ၂၂**

တူရကီယဲသမ္မတ အာဒိုဂန်ကို ဂျူးဆန့်ကျင်ရေးဝါဒီ အာဏာရှင်တစ်ဦးအဖြစ် အစ္စရေးဝန်ကြီးချုပ်ရုံးက ဩဂုတ် ၂၁ ရက်တွင် ဝေဖန်ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂါဇာကူညီရေး ရေယာဉ်အုပ်စုတစ်စုကို ကြားဖြတ်တားဆီးမှုဖြင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို နိုင်ငံတကာက ဖမ်းဝရမ်းထုတ်နိုင်ရန် ကြိုးပမ်းနေကြောင်း တူရကီယဲနိုင်ငံက ကြေညာခဲ့ပြီးနောက် အစ္စရေးဝန်ကြီးချုပ်ရုံးက ထိုသို့ ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။



တူရကီယဲသမ္မတ အာဒိုဂန်သည် ဂျူးဆန့်ကျင်ရေးဝါဒီ အာဏာရှင်တစ်ဦးဖြစ်ပြီး ကာ့ဒ်လူမျိုးများကို အစုအပြုံလိုက် သတ်ဖြတ်ခဲ့သူဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် တူရကီယဲသမ္မတ အာဒိုဂန်သည် ဂါဇာအခြေစိုက် ဟားမတ်စ် လက်နက်ကိုင်အဖွဲ့၏ လူအစုအပြုံလိုက် သတ်ဖြတ်မှုများကို အားပေးထောက်ခံသူဖြစ်ကြောင်းလည်း အစ္စရေးဝန်ကြီးချုပ်ရုံးက ဝေဖန်ပြောကြားထားသည်။

အစ္စရေးနှင့် တူရကီယဲနိုင်ငံတို့သည် ၂၀၂၃ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ဂါဇာကမ်းမြောင် စစ်ရေးပဋိပက္ခကို အကြောင်းပြု၍ ဆက်ဆံရေးတင်းမာနေသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တောင်ကိုရီးယားကုန်သေတ္တာတင် သင်္ဘောတစ်စီး အာတိတ်ရေလမ်းကြောင်းဖြတ် ခရီးစဉ်စတင်

**ဆိုးလ် ဩဂုတ် ၂၂**

တောင်ကိုရီးယား ကုန်သေတ္တာတင် သင်္ဘောတစ်စီးသည် အာတိတ် ရေလမ်းကြောင်းဖြတ် ဥရောပခရီးစဉ်ကို ယနေ့တွင် စတင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပင်စတားအက္ကရို ကုန်သေတ္တာတင်သင်္ဘောသည် ဥရောပခရီးစဉ်အတွက် အာတိတ်ရေလမ်းကြောင်း စမ်းသပ်ဖြတ်သန်းမည့် ပထမဆုံး တောင်ကိုရီးယား သင်္ဘောဖြစ်သည်။

ပင်စတားအက္ကရို ကုန်သေတ္တာတင်သင်္ဘောသည် ဘာရင်း ပင်လယ်ကိုဖြတ်၍ ရုရှားနိုင်ငံ အရှေ့ဖျား ကမ်ချက်ကာ ကျွန်းဆွယ်သို့ ဦးတည်မောင်းနှင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြောက်ပင်လယ် ရေလမ်းကြောင်းကို သုံး၍ ဥရောပသို့ သွားရောက်မည်ဖြစ်သည်။

ပင်စတားအက္ကရို ကုန်သေတ္တာတင်သင်္ဘောသည် အာတိတ် ရေလမ်းကြောင်းဖြတ် ဥရောပခရီးစဉ်အတွင်း ဗြိတိန်ရှိ ဖလစ်စတိုးဆိပ်ကမ်း၊ နယ်သာလန်နိုင်ငံရှိ အမ်စတာဒမ်ဆိပ်ကမ်း၊ ပိုလန်နိုင်ငံရှိ ဒန့်ခ်ဆိပ်ကမ်းတို့သို့ ဝင်ရောက်မည်ဖြစ်သည်။

ပင်စတားအက္ကရို ကုန်သေတ္တာတင်သင်္ဘော၏ အာတိတ်ရေလမ်းကြောင်းဖြတ် ဥရောပခရီးစဉ် အသွားအပြန် ကြာချိန်မှာ ရက် ၄၀ မှ ၄၅ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဘူဆန်မြို့ကို ကမ္ဘာ့ရေကြောင်းကုန်သွယ်ရေး၏ ဗဟိုချက်တစ်ခုအဖြစ် ပြောင်းလဲရေးအတွက် အာတိတ် ရေလမ်းကြောင်းကို အသုံးချရန်လိုသည်ဟု တောင်ကိုရီးယားနိုင်ငံက ယူဆထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အများပြည်သူထံမှလက်နက်ငယ်များ ပြန်လည်ဝယ်ယူရာတွင် ကင်ဘာရာမြို့လည်းပါဝင်မည်

**ကင်ဘာရာ ဩဂုတ် ၂၂**

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ဆစ်ဒနီမြို့ ဘွန်ဒီကမ်းခြေ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် အများပြည်သူလက်ဝယ်မှ လက်နက်ငယ်များပြန်လည်ဝယ်ယူရေး အကောင်အထည်ဖော်မည့်အစီအစဉ်တွင် ကင်ဘာရာမြို့လည်း ပါဝင်လာကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီစီက ယနေ့တွင် ထုတ်ဖော် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဆစ်ဒနီမြို့ ဘွန်ဒီကမ်းခြေ၌ ဂျူးလူမျိုးများ၏ ဟာနုခါ ဘာသာရေးပွဲတော်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၁၅ ဦးသေဆုံးခဲ့ပြီးနောက် ဩစတြေးလျအစိုးရသည် ယခုနှစ်ဇန်နဝါရီလအတွင်း အများပြည်သူထံမှ လက်နက်ငယ်များ ပြန်လည်ဝယ်ယူရေး၊ သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်ထုတ်ပေးမှုများ တင်းကျပ်ရေးအတွက် ဥပဒေများပြဋ္ဌာန်းခဲ့သည်။

အဆိုပါ ဥပဒေများအရ နယူးဆောက်ဝေးလ်ပြည်နယ် သည် အများပြည်သူထံမှ လက်နက်ငယ်များ ဝယ်ယူရေးအစီအစဉ်ကို ယခုနှစ် နိုဝင်ဘာ ၂ ရက်တွင် စတင်ရန် စီစဉ်ထားသည်။

ထို့ပြင် အများပြည်သူလက်ဝယ်မှ လက်နက်ငယ်များ ပြန်လည်ဝယ်ယူရေး အစီအစဉ်တွင် ကင်ဘာရာမြို့လည်း ပူးပေါင်းပါဝင်လာမည် ဟု ဩစတြေးလျ ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီစီက ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှား၏ ပစိဖိတ်ရေတပ်အုပ်စု ကူရိုင်းကျွန်းစုကမ်းလွန်စစ်ရေးလေ့ကျင့်မှု၌ ဒုံးကျည်များ စမ်းသပ်



**မော်စကို ဩဂုတ် ၂၂**

ရုရှား၏ ပစိဖိတ်ရေတပ် အုပ်စုသည် ပစိဖိတ်သမုဒ္ဒရာဒေသ ကူရိုင်းကျွန်းစု ကမ်းလွန်စစ်ရေးလေ့ကျင့်မှု၌ ဒုံးကျည်စမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကူရိုင်းကျွန်းစု ကမ်းလွန်ရေပြင်အတွင်း ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုများတွင် ဗားယက်ဂ် တိုက်သင်္ဘောက ဖော်လ်ကန် သင်္ဘောဖျက် ဒုံးကျည်နှစ်စင်းကို ပစ်လွှတ် စမ်းသပ်ခဲ့ကြောင်း ရုရှားပစိဖိတ် ရေတပ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အိုမက်စ်ခ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးကလည်း ဂရင်းနစ်ခရုစ် ဒုံးကျည်များကို ပစ်လွှတ် စမ်းသပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ကူရိုင်းကျွန်းစုဒေသ၌ တပ်စွဲထားသော ဘက်ရှင်းကမ်းရိုးတန်းကာကွယ်ရေး ဒုံးကျည်တပ်ဖွဲ့က အိုနစ်စ်ဒုံးကျည်စနစ်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားပစိဖိတ် ရေတပ်အုပ်စု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကူရိုင်းကျွန်းစု ကမ်းလွန်၌ ရုရှားပစိဖိတ် ရေတပ်အုပ်စုက ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်ခဲ့မှုကို ဂျပန်အစိုးရက ကန့်ကွက်ထားသည်။

ကူရိုင်းကျွန်းစုကို ရုရှားနိုင်ငံက ထိန်းချုပ်ထားသော်လည်း ဂျပန်နိုင်ငံကလည်း ထိုကျွန်းစုကို ပိုင်ဆိုင်ခွင့် တောင်းဆိုထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့် မြှင့်တင်ရေးကြိုးပမ်းမှုများကို နာဆာ ဖျက်သိမ်းလိုက်ပြီဖြစ်



**ဝါရှင်တန် ဩဂုတ် ၂၂**

ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့် မြှင့်တင်ရေးကြိုးပမ်းမှုများကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့်ကို ပြန်လည်မြှင့်တင်ပေးမည့် လင့်ခ်အာကာသယာဉ်၌ ပေါ်ထွက်နေသောပြဿနာများကြောင့် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်ပတ်လမ်းမြှင့်တင်ရေး မစ်ရှင်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

နာဆာနှင့် ရယူထားသည့်သဘောတူညီချက်အရ Katalyst Space ကုမ္ပဏီက တည်ဆောက်ပေးထားသည့် လင့်ခ်အာကာသယာဉ်ကို ယခုနှစ် ဇူလိုင် ၃ ရက်တွင် နေ့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ပီးဂါးဆပ်အိတ်စ်အယ်လ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး နှစ်ပတ်မျှအကြာတွင် လင့်ခ်အာကာသယာဉ်၌ ဒုံးကန်အားစနစ်ပြဿနာများ စတင်ပေါ်ထွက်လာခဲ့သည်။

လင့်ခ်မစ်ရှင် ပျက်ပြားခဲ့ရပြီးနောက် နာဆာ၏ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာဖွယ်ရှိကြောင်း သိရသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် လွှတ်တင်ခဲ့သော ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် နေမျက်နှာပြင်လှုပ်ရှားမှုကြောင့် ပတ်လမ်းအမြင့် တဖြည်းဖြည်း ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ပန်းသီးဖျော်ရည်၊ ဒိန်ချဉ်နှင့် ဝိုင်နီတို့၌ အသုံးပြုသောဓာတုဒြပ်ပေါင်းတစ်မျိုးက ခြေလက်ရောင်ရမ်းမှုအတွက် အထောက်အကူပြုနိုင်

**စင်ကာပူ ဩဂုတ် ၂၂**

ပန်းသီးဖျော်ရည်၊ ဒိန်ချဉ်နှင့် ဝိုင်နီတို့၌ အနံ့အရသာမြှင့်တင်ရေးအတွက် အသုံးပြုသော ဓာတုဒြပ်ပေါင်းတစ်မျိုးသည် Lymphoedema ခေါ် ခြေလက်ရောင်ရမ်းမှုရောဂါအတွက် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

Lymphoedema ပြဿနာသည် ကိုယ်ခန္ဓာတစ်ရှူးများအတွင်း ပြန်ရည်ကျိတ် အရည်ကြည်များ စုစည်းလာမှုကြောင့် ခြေလက်များ ရောင်ရမ်းလာတတ်သည့် ရောဂါတစ်မျိုးဖြစ်သည်။

သို့ရာတွင် ပန်းသီးဖျော်ရည်၊ ဒိန်ချဉ်နှင့် ဝိုင်နီတို့တွင်ပါဝင်သော Cyclodextrins ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် Lymphoedema ခေါ် ခြေလက်များရောင်ရမ်းမှုကို လျှော့ချပေးနိုင်ကြောင်း စင်ကာပူသုတေသနပညာရှင်များက ပြောကြားသည်။

Lymphoedema ပြဿနာသည် ကင်ဆာရောဂါကုထုံးများ၏ နောက်ဆက်တွဲရလဒ်အဖြစ် ပေါ်ထွက်လာတတ်သည့် ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်သည်။

စင်ကာပူသုတေသနပညာရှင်များသည် Lymphoedema ပြဿနာရှိနေသော ကြွက်များကို ရက်သတ္တရှစ်ပတ်ကြာမျှ Cyclodextrins ဓာတ်တုဒြပ်ပေါင်းများကို ထိုးနှံကုသပေးခဲ့ကြသည်။

ပေါ်ထွက်လာသည့် ရလဒ်များအရ Cyclodextrins ဓာတုဒြပ်ပေါင်းသည် Lymphoedema ပြဿနာကြောင့် ပေါ်ထွက်လာသည့် ရောင်ရမ်းဖောရောင်မှုများကို သိသိသာသာလျှော့ချပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ဂျပန်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် iQPS ကုမ္ပဏီ၏ ရေဒါဂြိုဟ်တုတစ်စင်းကို Rocket Lab ကုမ္ပဏီ လွှတ်တင်

**တိုကျို ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ဂျပန်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် iQPS ကုမ္ပဏီ၏ ရေဒါဂြိုဟ်တုတစ်စင်းကို ဩဂုတ် ၂၁ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

iQPS ရေဒါဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို Rocket Lab ကုမ္ပဏီက နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မိနစ် ၅၀ ခန့်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် iQPS ရေဒါဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။



အဆိုပါ ရေဒါဂြိုဟ်တုသည် Rocket Lab ကုမ္ပဏီက iQPS အာကာသနည်းပညာ ကုမ္ပဏီအတွက် လွှတ်တင်ပေးခဲ့သည့် ကိုးစင်းမြောက် ရေဒါဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

iQPS ကုမ္ပဏီသည် ရေဒါဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တု ၃၆ စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဩဂုတ် ၂၁ ရက် iQPS ရေဒါဂြိုဟ်တုမစ်ရှင်သည် Rocket Lab ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ပေးခဲ့သော ၁၄ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ပြီး အီလက်ထရွန်ဒုံးပျံများ၏ ၅၃ ကြိမ်မြောက် အာကာသ မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# သွေးတိုးလူနာ သန်းပေါင်းများစွာ သုံးစွဲနေကြသော သွေးကျဆေးတစ်မျိုးက ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**ဂျေရုဆလင် ဩဂုတ် ၂၂**

သွေးတိုးလူနာသန်းပေါင်းများစွာသုံးစွဲနေကြသော သွေးကျဆေးတစ်မျိုးသည် ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

အစ္စရေး သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Amlodipineနှင့် Lacidipine ဆေးများသုံးစွဲနေကြသည့် သွေးတိုးရောဂါလူနာများသည် အခြားသွေးကျဆေးသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက ကျောက်ကပ်ရောဂါ အပါအဝင် နောက်ဆက်တွဲကျန်းမာရေးပြဿနာများပေါ်ထွက်လာနိုင်ခြေ ၃၃ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Amlodipineနှင့် Lacidipine ဆေးများသည် Dihydropyridine Calcium Channel Blockers (DCCBs) အုပ်စုဝင်ဆေးဝါးများဖြစ်ကြကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွေးတိုးရောဂါကို ကုသရာတွင် DCCBs အုပ်စုဝင်ဆေးများ၏ ထိရောက်မှုမှာ မေးခွန်းထုတ်စရာဖြစ်လာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အစ္စရေး သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုရောဂါရှိနေပြီး သွေးတိုးရောဂါအတွက် DCCBs အုပ်စုဝင်ဆေးများ သုံးစွဲနေရသည့် လူနာဦးရေ ၃၁၀၀၀ တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ဖယ်လ်ကွန်-၉ ဒုံးပျံအစိတ်အပိုင်းကျရောက်မှုကြောင့် ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းသစ်ကို LRO အာကာသယာဉ်က ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ လကမ္ဘာကင်းထောက်အာကာသယာဉ်(LRO)သည် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံအစိတ်အပိုင်းကျရောက်မှုကြောင့် ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းသစ်ကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း ဩဂုတ် ၂၁ ရက်သတင်းများအရ သိရသည်။

LRO အာကာသယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဖယ်လ်ကွန်-၉ ဒုံးပျံအစိတ်အပိုင်း ကျရောက်ခဲ့ပြီး ရက်အနည်းငယ်အကြာ ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အထက်ပါ ဥက္ကာချိုင့်ဝှမ်းသစ်ကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံအစိတ်အပိုင်းသည် ဩဂုတ် ၆ ရက်တွင် လမျက်နှာပြင်ကို တစ်နာရီလျှင် မိုင် ၅၄၀၀ နှုန်းဖြင့် ဝင်တိုက်ခဲ့ရာ ဥက္ကာချိုင့်ဝှမ်းသစ်တစ်ခုပေါ်ထွက်လာခဲ့သည်။

LRO အာကာသယာဉ်မှ ထပ်မံရရှိသည့် သတင်းအချက်အလက်များအရ ဖယ်လ်ကွန်-၉ ဒုံးပျံ အစိတ်အပိုင်းကျရောက်မှုကြောင့် ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းမှာ V ပုံသဏ္ဌာန်ရှိပြီး အချင်းပေ ၆၀ နှင့် အနက် ၁၀ ပေခန့်ထိရှိကြောင်း သိရသည်။

LRO အာကာသယာဉ်သည် လမျက်နှာပြင်ကို မိုင် ၆၀ ခန့်အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းနေစဉ် အထက်ပါဥက္ကာချိုင့်ဝှမ်းကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ အစိတ်အပိုင်း ကျရောက်ခဲ့ရာနေရာကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သော ပထမဆုံးအာကာသယာဉ်မှာ တောင်ကိုရီးယားအာကာသအေဂျင်စီ၏ ကိုရီးယားပတ်ဖိုင်ဒါ လပတ်အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဝိုင်ဟမ်ကလက်ခ် ဦးဆောင်

**နယူးယောက် ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ်တွင် ကျင်းပနေသည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဝိုင်ဟမ်ကလက်ခ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf Magic သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသည့် ဝုဒ်လန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဂျေဂျေစပေါင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဝိုင်ဟမ်ကလက်ခ်နှင့် အမှတ်ပေးဇယား၏ ဒုတိယနေရာနှင့် တတိယနေရာတို့တွင် ရပ်တည်နေသော ဝုဒ်လန်းနှင့် ဂျေဂျေစပေါင်းတို့သည် ပထမနေ့က ဝိုင်ဟမ်ကလက်ခ်နှင့်အတူ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခဲ့ကြသည်။

ဝိုင်ဟမ်ကလက်ခ်က "ပထမနေ့နဲ့ဒုတိယနေ့ နှစ်ရက်လုံးရလဒ်တွေတည်ငြိမ်ခဲ့ပါတယ်။ ပထမနေ့ရဲ့ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ပထမနေ့မှာ သတ်မှတ်ရိုက်ချက်ထက် လျော့ခဲ့သလို ဒုတိယနေ့မှာလဲ သတ်မှတ်ရိုက်ချက်ထက် လျော့ရိုက်ထားနိုင်တဲ့အခြေအနေက စွမ်းဆောင်ရည်ပိုင်း တည်ငြိမ်နေတာကို ပြသတဲ့ အခြေအနေဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**
**Trs : AZL**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် တန်းတက် ဟူးလ်စီးတီးအသင်းကို မန်ယူအသင်း နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်

**မန်ချက်စတာ ဩဂုတ် ၂၂**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ် ယနေ့ညနေပိုင်းက ဟူးလ်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အဖွင့်ပွဲစဉ်တွင် တန်းတက်အသင်းကို ပထမဆုံးအကြိမ်ရှုံးနိမ့်ခဲ့ကြောင်း Fot-mob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဟူးလ်စီးတီးအသင်းက ခံစစ်ကစားကွက်ကို အားပြုကစားခဲ့သဖြင့် မန်ယူအသင်းအတွက် ဂိုးရရှိရန် ခက်ခဲခဲ့ကာ ပွဲချိန် ၁၇ မိနစ်တွင် အဂျာယီနှင့် ပွဲချိန် ၃၈ မိနစ်တွင် မန်ဒီတို့က ဟူးလ်စီးတီး အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် ဟူးလ်စီးတီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။



ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးများအတွက် မန်ယူအသင်းက ပွဲချိန်တစ်လျှောက် ဖိအားပေးကစားခဲ့သော်လည်း ဟူးလ်စီးတီးအသင်းက ခံစစ်ပိုင်းအားပြုပြီး အမှားအယွင်းမရှိကစားခဲ့သည့်အတွက် မန်ယူအသင်းအနေဖြင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် ဟူးလ်စီးတီးအသင်းက မန်ယူအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲရာသီအစ ပွဲစဉ်များတွင် တန်းတက်အသင်းများကို တစ်ကြိမ်မျှရှုံးနိမ့်ခြင်းမရှိခဲ့သော်လည်း ယခုပွဲစဉ်တွင် ဟူးလ်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် အဖွင့်ပွဲစဉ်တွင်တန်းတက်အသင်းကိုပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# မတူညီသော ဝိတ်တန်းနှစ်ခု၏ ကမ္ဘာ့ချန်ပီယံဟောင်း ဇိုလာနီ လုပ်ကြံခံရ၍ သေဆုံး



**ကိပ်တောင်း ဩဂုတ် ၂၂**

မတူညီသော ဝိတ်တန်းနှစ်ခုတွင် ကမ္ဘာ့ချန်ပီယံအဖြစ် ကာလရှည် ရပ်တည်ခဲ့ဖူးသည့် တောင်အာဖရိက လက်ဝှေ့သမား ဇိုလာနီသည် ယနေ့တွင် အမ်ဒန်ဆာနီမြို့ရှိနေအိမ်၌ လုပ်ကြံခံရပြီး သေဆုံးခဲ့ကြောင်း တောင်အာဖရိက ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်ဟု Boxing Scene သတင်းဌာနက ဖော်ပြခဲ့သည်။

ဇိုလာနီကို လာရောက်လုပ်ကြံသူနှစ်ဦးမှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်ပြီး CCTV မှတ်တမ်းများအရ လုပ်ကြံသူ အမျိုးသားမှာ နေအိမ်အတွင်း ဝင်ရောက်၍ ဇိုလာနီကိုလုပ်ကြံနေစဉ် အဖော်ပါလာသည့် အမျိုးသမီးက ဇိုလာနီ၏ခြံရှေ့ဂိတ်တံခါးတွင် စောင့်ကြပ်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဇိုလာနီသည် IBF ကမ္ဘာ့စူပါဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်နှင့်WBO ကမ္ဘာ့ဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်များကို ကာလရှည် ပိုင်ဆိုင်ခဲ့သူဖြစ်သည်။

တောင်အာဖရိက ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "ဇိုလာနီ လုပ်ကြံခံခဲ့ရတဲ့ဖြစ်စဉ်နဲ့ပတ်သက်ပြီး တရားခံတွေကို အမြန်ဆုံးဖမ်းမိအောင် ဆောင်ရွက်နေပါတယ်။ ကနဦး စစ်ဆေးချက်အရ လုပ်ကြံခဲ့သူတွေဟာ အမျိုးသားတစ်ဦးနဲ့အမျိုးသမီးတစ်ဦးတို့ပဲ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**
**Trs : AZL**

# အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒို သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန်ပိုမိုနီးစပ်လာ

**ရီယာ့ဒ် ဩဂုတ် ၂၂**

ဆော်ဒီအာရေဗျ ကလပ် အယ်လ်နာဆာအသင်း တိုက်စစ်မှူးစီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ်ကစားခဲ့သည့် အယ်လ်နာဆာအသင်းက အယ်လ်ရီယာ့ဒ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် ပိုမိုနီးစပ်လာခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အဆိုပါပွဲစဉ်တွင် စီရော်နယ်ဒိုသည် ပွဲချိန် ၆၂ မိနစ်တွင် လူစားဝင် ကစားခဲ့ပြီးနောက် ဘောလုံးရာသီ ၂၅ ရာသီဆက် ကစားနိုင်သည့် တတိယမြောက် ကစားသမား အဖြစ်လည်း ရပ်တည်ခဲ့သည်။

စီရော်နယ်ဒိုသည် အယ်လ်ရီယာ့ဒ်အသင်းနှင့် ပွဲစဉ်၌လူစားဝင် ကစားကာ ပွဲချိန် ၈၃ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ဘောလုံးလောကတွင် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ရန် ပိုမိုနီးစပ်လာခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်း၊ စပို့တင်းလစ္စဘွန်းအသင်း၊ မန်ယူအသင်း၊ရီးရဲလ်မက်ဒရစ်အသင်း၊ ဂျူဗင်တပ်အသင်း၊ အယ်လ်နာဆာအသင်းတို့နှင့်အတူ ပရော်ဖက်ရှင်နယ်သွင်းဂိုး ၉၇၇ ဂိုး ထိရှိလာခဲ့သည့်အတွက် သွင်းဂိုး၁၀၀၀ ပြည့်မြောက်ရန် ၂၃ ဂိုးသာ လိုအပ်တော့ကြောင်း သိရသည်။

**Ref : One Football**
**Trs : STA**

# MFF Charity Shield 2026 ဖိုလ်လုပွဲစဉ်မှရရှိမည့် ကွင်းဝင်ကြေးများကို နိုင်ငံတစ်ဝန်းမှရေဘေးသင့် ပြည်သူများထံလှူဒါန်းရန် စီစဉ်ထား

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လာမည့် MFF Charity Shield 2026 ဖိုလ်လုပွဲစဉ်မှရရှိမည့် ကွင်းဝင်ကြေးများကို နိုင်ငံတစ်ဝန်းမှ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းရန်စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က MFF Charity Shield 2026 ဖိုလ်လုပွဲစဉ်ကို မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ရာသီသစ်မစတင်မီ ကျင်းပလေ့ရှိပြီး အစောပိုင်းနှစ်အနည်းငယ်က ကျင်းပနိုင်ခြင်းမရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က MFF Charity Shield ဖိုလ်လုပွဲစဉ်ကျင်းပသည့် နှစ်များတွင်ရရှိသည့် ကွင်းဝင်ကြေးများကို နိုင်ငံတစ်ဝန်း လိုအပ်ချက်များရှိနေသည့်နေရာများတွင် လှူဒါန်းခဲ့ပြီး လာမည့်ပွဲစဉ်မှ ရရှိမည့်ကွင်းဝင်ကြေးများကိုလည်း နိုင်ငံတစ်ဝန်းရှိ ရေဘေးသင့် ပြည်သူများထံ လှူဒါန်းမည်ဖြစ်သည်။

MFF Charity Shield 2026 ဖိုလ်လုပွဲစဉ်ကို ပြီးခဲ့သည့် ဘောလုံးရာသီက MNL League Cup ဖလားဆွတ်ခူးခဲ့သည့်အသင်းနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည့် အသင်းတို့ကစားရမည်ဖြစ်သည့်အတွက် မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် MNL League Cup ဖလားချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားမည်ဖြစ်သည်။




မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်က အဆိုပါဖိုလ်လုပွဲစဉ်အတွက် ကွင်းဝင်ကြေး လက်မှတ်ခများအဖြစ် ရိုးရိုးတန်းအတွက် ငွေကျပ် ၂၀၀၀နှင့် အထူးတန်းအတွက် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားသည်။

MFF Charity Shield 2026 ဖိုလ်လုပွဲစဉ်ကို ဩဂုတ် ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး MRTV-4 ရုပ်သံလိုင်းမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ပီရူးနိုင်ငံအလယ်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အဆောက်အအုံများနှင့် လမ်းများပြိုကျပျက်စီးခဲ့



**လီမာ ဩဂုတ် ၂၂**

ပီရူးနိုင်ငံ အလယ်ပိုင်းတွင် ဩဂုတ် ၂၀ ရက်က ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အဆောက်အအုံများနှင့်လမ်းများပြိုကျပျက်စီးခဲ့ကြောင်း ပီရူးဘူမိရူပဗေဒဌာန (IGP) က ဩဂုတ် ၂၁ ရက်က ထုတ်ပြန်ခဲ့သည်။

ပီရူးဘူမိရူပဗေဒဌာန (IGP) ၏ အဆိုအရ ငလျင်ဗဟိုချက်သည် အန်ဒီးစ်တောင်တန်းရှိ အန်နီဆိုမြို့၏ အနောက်မြောက်ဘက် ၃၁ ကီလိုမီတာအကွာတွင် တည်ရှိပြီး မြေအောက်အနက် ၉၉ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပီရူး ဘူမိရူပဗေဒဌာန (IGP) အကြီးအကဲ ဟာနန်ဒိုတာဗီရာ၏ ပြောကြားချက်အရ ငလျင်သည် မြေအောက်အနက် အလွန်နက်ရှိုင်းသောနေရာတွင် ဖြစ်ပွားခဲ့ခြင်းကြောင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော် ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပြိုကျခဲ့သဖြင့် ပြည်သူတချို့ စိုးရိမ်ထိတ်လန့်ကာ လမ်းမများပေါ်သို့ ထွက်ခဲ့ရကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ကနဦးတွင် ငလျင်ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိသည်ဟု ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိကြောင်း ပီရူးဘူမိရူပဗေဒဌာန (IGP)က ပြင်ဆင်ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် အာဏာပိုင်များက လူနေအဆောက်အအုံများ ပျက်စီးမှု အရေအတွက်ကို ဆက်လက်စစ်ဆေးနေပြီး လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်ကိုလည်း အတိအကျ စိစစ်နေဆဲဖြစ်ကြောင်း၊ ပီရူးနိုင်ငံသည် ငလျင်လှုပ်ခတ်မှုများကို မကြာခဏကြုံတွေ့နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အီသီယိုးပီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် အရေးပေါ်အခြေအနေသတ်မှတ်

**အဒစ်အဘာဘာ ဩဂုတ် ၂၂**

အီသီယိုးပီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း အီသီယိုးပီးယားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၂၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

အီသီယိုးပီးယားနိုင်ငံ အပါအဝင် အခြားသော အာဖရိကနိုင်ငံများတွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်နေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရသည့်ဒေသမှာ အီသီယိုးပီးယားနိုင်ငံ တောင်ဘက်ပိုင်းဒေသများဖြစ်ကြောင်း၊ အာဖရိက ဦးချိုဒေသများဟု သတ်မှတ်ခေါ်ဝေါ်နေသောနိုင်ငံများတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး အယ်နီညိုရာသီဥတု၏ နောက်ဆက်တွဲရိုက်ခတ်မှုများ



ဖြစ်ကြောင်း အီသီယိုးပီးယား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

"အီသီယိုးပီးယားနိုင်ငံ တောင်ဘက်ပိုင်းဒေသတွေမှာ ရေကြီးရေလျှံမှုနဲ့ ရင်ဆိုင်နေရပါတယ်။ အန္တရာယ်ရှိတဲ့ အခြေအနေမျိုးဖြစ်တဲ့အတွက် ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေ သတ်မှတ်လိုက်တာ ဖြစ်ပါတယ်။ အာဖရိက ဦးချိုနိုင်ငံတွေမှာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး လက်ရှိကာလကနေ နှစ်ကုန်ပိုင်းထိ ရေကြီးရေလျှံမှုပြဿနာနဲ့ တောက်လျှောက်ရင်ဆိုင်ရနိုင်ပါတယ်"ဟု အီသီယိုးပီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်း မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တွင် လောင်ကျွမ်းနေသောတောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း အလက်စကာမီးသတ်တပ်ဖွဲ့က ထုတ်ပြန်

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် ရေဘာတ်နယ်ဆင်ဒေသနှင့် ဟယ်လင်နာဖစ်နယ်ဆင်ဒေသတို့တွင် တောမီးလောင်ကျွမ်းမှုသည် ရက်သတ္တပတ်ကျော်ကြာမြင့်နေပြီဖြစ်ပြီး အပူချိန်လျော့ကျလာသဖြင့် တောမီးကို ဩဂုတ် ၂၁ ရက်က စတင်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း အလက်စကာပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

အအေးဓာတ် မြင့်မားလာသဖြင့် တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ၂၀ ကျော် ပျက်စီးခဲ့ကြောင်း၊ ဒေသခံအမြောက်အမြားလည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံများကို မကြာမီ နေရပ်သို့ ပြန်ခွင့်ပြုသွားမည် ဖြစ်ကြောင်း သိရသည်။

"ရောဘတ်နယ်ဆင်နဲ့ ဟယ်လင်နာဖစ်နယ်ဆင် ဒေသအနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးကို စတင် ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ တောမီးဟာ ရက်သတ္တပတ်ကျော်ကြာမြင့်စွာ လောင်ကျွမ်းခဲ့ပြီး လူနေအိမ်တွေဆီ ကူးစက်လောင်ကျွမ်းခဲ့ပါတယ်။ ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ အအေးဓာတ်မြင့်မားလာသလို မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားနဲ့ တောမီးကို ငြိမ်းသတ်ပေးခဲ့ပါတယ်။ လေကြောင်းအကူအညီပါ ရယူခဲ့တဲ့အတွက် တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်"ဟု အလက်စကာပြည်နယ် ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# သီရိလင်္ကာနိုင်ငံ အစိုးရက မိုးခေါင်ရေရှားမှု ခံစားနေရသည့် လူဦးရေ ၇၂၀၀၀ ခန့်ကို ရေပေးဝေလျက်ရှိ

**ကိုလံဘို ဩဂုတ် ၂၂**

သီရိလင်္ကာနိုင်ငံ အစိုးရက မိုးခေါင်ရေရှားမှု ခံစားနေရသည့် လူဦးရေ ၇၂၀၀၀ ခန့်ကို ရေပေးဝေလျက်ရှိကြောင်း ဩဂုတ် ၂၁ ရက်သတင်းများအရ သိရသည်။

သီရိလင်္ကာနိုင်ငံသည် ယခုနှစ်တွင် ပြင်းထန်သော အယ်နီညိုရာသီဥတုနှင့်ဆက်စပ်၍ မိုးခေါင်ရေရှားမှုဖြင့် ရင်ဆိုင်နေရသောကြောင့် သီရိလင်္ကာအစိုးရသည် ခရိုင်ခုနစ်ခရိုင်ရှိ လူဦးရေ ၇၂၀၀၀ ခန့်ကို ရေပေးဝေလျက်ရှိကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပေါ်နေသော အယ်နီညိုရာသီဥတုသည် ဒေသတစ်ခုနှင့်တစ်ခု ပြင်းထန်မှု မတူညီသည့်အပြင် မိုးခေါင်ရေရှားမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အယ်နီညိုရာသီဥတုသည် ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံးဖြစ်ပြီး ရေလှောင်ကန်ငယ်ရာပေါင်းများစွာ၏ ရေမျက်နှာပြင်ကို ကျဆင်းသွားစေကြောင်း၊ ထို့ပြင် မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေရရှိမှု လျော့နည်းလာသည့်အပြင် ဟင်းသီးဟင်းရွက်များအပါအဝင် သီးနှံများ၏ အထွက်နှုန်းထိခိုက်မှုများ ရှိလာကြောင်း သိရသည်။

သီရိလင်္ကာ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီး ဒမ်မီကာ ပါတာဘန်ဒီက အယ်နီညိုရာသီဥတုသည် နိုဝင်ဘာလတွင် အထွတ်အထိပ်သို့ ရောက်လာနိုင်ကြောင်း၊ စက်တင်ဘာလ တတိယပတ်ထိ မိုးခေါင်ရေရှားမှုနှင့် ဆက်စပ်သည့် စိန်ခေါ်မှုများကို ဖြေရှင်းရန် အစိုးရအနေဖြင့် စီစဉ်ထားပြီး လိုအပ်ပါက တုံ့ပြန်ဆောင်ရွက်ရေး အစီအမံများကို ပြန်လည်ပြင်ဆင်ကာ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုပြည်သူများကို ရေပေးဝေနိုင်ရေးအတွက် ရူပီး ၄ ဒသမ ၈ ဘီလီယံ အသုံးပြုထားကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဆားဘီးယားနိုင်ငံ မြောက်ဘက်ပိုင်းတွင် လောင်နေသောတောမီး လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာများသို့ ကူးစက်လာနိုင်

**ဘဲလ်ဂရိတ် ဩဂုတ် ၂၂**

ဆားဘီးယားနိုင်ငံ မြောက်ပိုင်းဗိုယိုဗိုဒီနာဒေသရှိ သဘာဝဘေးမဲ့တောတွင် ရက်သတ္တပတ်များစွာ လောင်ကျွမ်းနေသော တောမီးသည် ရာသီဥတုခြောက်သွေ့မှုနှင့်အတူ လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာများသို့ ကူးစက်လာနိုင်ကြောင်း ဩဂုတ် ၂၁ ရက်သတင်းများအရ သိရသည်။

တောမီးသည် ဩဂုတ် ၂၀ ရက်ထိ သဘာဝဘေးမဲ့တော၏ သစ်တောဧရိယာ ဟက်တာ ၃၅၀၀ ကျော် လောင်ကျွမ်းခဲ့ပြီး လေပြင်းနှင့် အပူချိန်မြင့်မားမှုကြောင့် မီးငြှိမ်းသတ်ရေးလုပ်ငန်းများ အခက်အခဲဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုသည် သဘာဝဘေးမဲ့တော၏ ရှားပါးမျိုးစိတ် အပင်များကို ထိခိုက်စေခဲ့ပြီး အချို့နေရာများတွင် တောမီးကာကွယ်ရေးလမ်းကြောင်းများနှင့် အဓိက လမ်းမကြီးများကိုပင် ဖြတ်ကျော်ပျံ့နှံ့လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မီးငြှိမ်းသတ်ရေးအဖွဲ့များသည် တောမီးကူးစက်လာနိုင်သည့် ဂရေဘီနက်ချ်ကျေးရွာအနီးကို ဦးစားပေးငြှိမ်းသတ်နေကြောင်း၊ ထို့ပြင် တောမီးကူးစက်လာနိုင်သည့် ကျေးရွာများမှပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ မီးငြှိမ်းသတ်ရေး လုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၃၅၀ ကျော်အပြင် ရဟတ်ယာဉ်များကိုပါ အသုံးပြုထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# အိပ်ပျော်ခြင်းကိုခက်ခဲစေသည့် အကြောင်းရင်းများ

မန္တလာဆရာမျိုး

**အိပ်မပျော်ခြင်း**

အိပ်စက်ခြင်းသည် လူ့ခန္ဓာကိုယ်နှင့် စိတ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော အနားယူမှုဖြစ်သည်။ နေ့စဉ်အလုပ်ပင်ပန်းမှုများ၊ စိတ်ဖိစီးမှုများ၊ လေ့လာသင်ယူမှုများနှင့် လူမှုဘဝအတွင်း ကြုံတွေ့ရသည့် အခက်အခဲများကို ခန္ဓာကိုယ်နှင့် ဦးနှောက်က ပြန်လည်ပြုပြင်၊ ပြန်လည်အားဖြည့်ပေးရန် အိပ်စက်ခြင်းက အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ သို့သော် လူအများစုတွင် အိပ်ရာဝင်ပြီး အချိန်ကြာသည်ထိ အိပ်မပျော်ခြင်း၊ ညအချိန်တွင် မကြာခဏနိုးခြင်း၊ မနက်စောစောနိုးပြီး ပြန်မအိပ်နိုင်ခြင်းစသည့် အိပ်စက်မှုဆိုင်ရာပြဿနာများ ဖြစ်ပေါ်တတ်သည်။ ထိုအခြေအနေကို အိပ်မပျော်ခြင်း သို့မဟုတ်အိပ်စက်မှုမမှန်ခြင်းဟု ခေါ်နိုင်သည်။ အိပ်မပျော်ခြင်းသည် တစ်ခါတစ်ရံသာ ဖြစ်ပေါ်ခြင်းဆိုလျှင် စိုးရိမ်စရာမလိုသော်လည်း၊ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ ဆက်လက်ဖြစ်နေပါက နေ့စဉ်ဘဝ၊ အလုပ်အကိုင်၊ မှတ်ဉာဏ်၊ စိတ်ခံစားမှုနှင့် ကိုယ်ခန္ဓာကျန်းမာရေးတို့ကို ထိခိုက်နိုင်သည်။

**အိပ်မပျော်ခြင်းဆိုသည်မှာ ဘာလဲ**

အိပ်မပျော်ခြင်းဆိုသည်မှာ အိပ်ရာဝင်ပြီးနောက် အိပ်ပျော်ရန်ခက်ခဲခြင်း၊ အိပ်နေစဉ် မကြာခဏနိုးခြင်း၊ နိုးပြီးနောက် ပြန်အိပ်ရန်ခက်ခဲခြင်း သို့မဟုတ် လုံလောက်သောအချိန် အိပ်ခဲ့သော်လည်း မနက်ခင်းတွင် မလန်းဆန်းခြင်းတို့ကို ဆိုလိုသည်။ လူတစ်ဦးချင်းစီ၏ လိုအပ်သောအိပ်ချိန်သည် မတူညီနိုင်သော်လည်း အရွယ်ရောက်ပြီးသူ အများစုအတွက် တစ်ညလျှင် ၇ နာရီမှ ၉ နာရီခန့် အိပ်စက်ခြင်းသည်သင့်တော်ပေသည်။ အိပ်ချိန်နည်းခြင်းထက် အိပ်မပျော်ခြင်းကလည်း ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်သည်။

**၁။ စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှု**

အိပ်ပျော်ခြင်းကို ခက်ခဲစေသည့် အကြောင်းများထဲတွင် စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုသည် အလွန်အဖြစ်များသော အကြောင်းရင်းများဖြစ်သည်။ အလုပ်ကိစ္စ၊ စီးပွားရေးအခက်အခဲ၊ မိသားစုရေးရာ၊ ကျန်းမာရေးပြဿနာ၊ စာမေးပွဲ၊ အနာဂတ်အတွက် စိုးရိမ်မှုများကြောင့် ဦးနှောက် သည် အနားမယူနိုင်ဘဲ ဆက်လက်စဉ်းစားနေတတ်သည်။ အိပ်ရာဝင်ချိန်တွင် မဖြေရှင်းရသေးသော ပြဿနာများကိုပြန်လည်စဉ်းစားခြင်း၊ မနက်ဖြန်ဘာဖြစ်မလဲဟု စိုးရိမ်ခြင်း၊ အတိတ်အမှားများကို ပြန်လည်တွေးတောခြင်းတို့ကြောင့် စိတ်တည်ငြိမ်မှုမရဘဲ အိပ်ပျော်ရန် ခက်ခဲနိုင်သည်။

စိတ်ဖိစီးမှုကြောင့် ခန္ဓာကိုယ်အတွင်း စိတ်လှုပ်ရှားမှုနှင့် ဆက်စပ်သော ဟော်မုန်းများတိုးလာနိုင်ပြီး နှလုံးခုန်မြန်ခြင်း၊ ကြွက်သားတင်းကျပ်ခြင်း၊ စိတ်မငြိမ်ခြင်းတို့ ဖြစ်လာတတ်သည်။

**၂။ စိတ်ကျရောဂါနှင့် စိတ်ကျန်းမာရေးပြဿနာများ**

စိတ်ကျရောဂါ၊ စိုးရိမ်ပူပန်မှုရောဂါ စသည့် စိတ်ကျန်းမာရေးပြဿနာများသည် အိပ်စက်မှုကို ပြောင်းလဲစေနိုင်သည်။ စိတ်ကျရောဂါရှိသူအချို့သည် ညဘက်အိပ်မပျော်ဘဲနေတတ်ကြပြီး အချို့မှာ အိပ်ချိန်အလွန်များသော်လည်း မလန်းဆန်းဘဲ ပင်ပန်းနေတတ်သည်။ မနက်စောစောနိုးလာပြီး ပြန်မအိပ်နိုင်ခြင်း၊ မနက်ခင်းတွင် စိတ်မကြည်ခြင်း၊ နေ့စဉ်လုပ်ငန်းများကို စိတ်ဝင်စားမှုလျော့နည်းခြင်း၊ စားသောက်မှုနှင့် ကိုယ်အလေးချိန်ပြောင်းလဲခြင်းတို့သည် စိတ်ကျရောဂါနှင့်ဆက်စပ်နိုင်သဖြင့် အချိန်မီ ကျန်းမာရေးဝန်ထမ်းနှင့် တိုင်ပင်သင့်သည်။

**၃။ ကဖင်းဓာတ်ပါသော အစားအသောက်နှင့် အဖျော်ယမကာများ**

ကော်ဖီ၊ လက်ဖက်ရည်၊ အားဖြည့်အချိုရည်များနှင့် ချောကလက်အချို့တွင်ပါဝင်သည့် ကဖင်းဓာတ်သည် အိပ်ငိုက်မှုကို လျော့နည်းစေပြီး ဦးနှောက်ကို နိုးကြားစေသည်။ နံနက်ပိုင်းတွင် ကော်ဖီသောက်ခြင်းသည် လူအချို့အတွက် ပြဿနာမဖြစ်နိုင်သော်လည်း၊ ညနေပိုင်း သို့မဟုတ် ညအိပ်ချိန်နီးကပ်မှ ကော်ဖီ၊ လက်ဖက်ရည်၊ အားဖြည့်အချိုရည်များ သောက်ခြင်းသည် အိပ်ပျော်ရန်ခက်ခဲနိုင်သည်။ အချို့သူများတွင် ကဖင်းဓာတ်၏ အာနိသင်သည် နာရီများစွာကြာနိုင်သဖြင့် နေ့လယ်နောက်ပိုင်းမှစ၍ လျှော့သောက်သင့်သည်။

**၇။ နေ့ခင်းဘက် အိပ်ချိန်ရှည်လျားခြင်း**

နေ့ခင်းဘက် ခဏအနားယူ အိပ်စက်ခြင်းသည် လူအချို့အတွက် အားပြန်ဖြည့်ပေးနိုင်သော်လည်း နေ့ခင်းဘက် အချိန်ကြာကြာအိပ်ခြင်း သို့မဟုတ် ညနေပိုင်းမှအိပ်ခြင်းသည် ညအိပ်ချိန်တွင် အိပ်မပျော်ခြင်းကိုဖြစ်နိုင်သည်။ အထူးသဖြင့် ညဘက်အိပ်မပျော်သူများသည် နေ့ခင်းဘက်အိပ်ချိန်ကို တိုတောင်းစွာထားသင့်သည်။ နေ့ခင်းဘက်အိပ်လိုပါက မိနစ် ၂၀ မှမိနစ် ၃၀ ခန့်သာ အနားယူအိပ်စက်ခြင်းက ပိုသင့်တော်သည်။



**၄။ အရက်သောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်း**

အရက်သောက်ပြီးနောက် အိပ်ငိုက်သလို ခံစားရသော်လည်း အရက်သည် အိပ်ပျော်စေသည်ဟု မဆိုလိုပေ။ အရက်သောက်ပြီး အိပ်ပျော်သွားသော်လည်း ညအလယ်ပိုင်းတွင် မကြာခဏနိုးခြင်း၊ အိပ်စက်မှုခက်ခဲခြင်း၊ မနက်ခင်းတွင် ပင်ပန်းနွမ်းနယ်ခြင်းတို့ဖြစ်နိုင်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများတွင်ပါဝင်သော နီကိုတင်းဓာတ်သည် ဦးနှောက်ကိုနိုးကြားစေသော အာနိသင်ရှိသဖြင့် ညအိပ်ချိန်နီးကပ်မှ ဆေးလိပ်သောက်ခြင်းသည် အိပ်ပျော်ရန် ပိုခက်ခဲနိုင်သည်။

**၅။ ကွန်ပျူတာနှင့်ဖုန်းအကြည့်များခြင်း**

ယနေ့ခေတ်တွင် အိပ်ရာဝင်ပြီးစဉ် ဖုန်းမှလူမှုကွန်ရက်အသုံးပြုခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ ဂိမ်းကစားခြင်းစသည်တို့သည် အိပ်မပျော်ခြင်းနှင့် ဆက်စပ်နေတတ်သည်။ ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာနှင့် တီဗွီမျက်နှာပြင်မှထွက်သော အလင်းရောင်သည် ဦးနှောက်ကို နေ့အချိန်ကဲ့သို့ နိုးကြားစေနိုင်သောကြောင့် အိပ်ရာဝင်ချိန်မတိုင်မီ အနည်းဆုံး မိနစ် ၃၀ မှ တစ်နာရီခန့်အလိုတွင် ဖုန်းနှင့်ကွန်ပျူတာအသုံးပြုမှုကိုလျှော့ချခြင်းသည် အိပ်စက်မှုအတွက် အထောက်အကူဖြစ်နိုင်သည်။

**၆။ အိပ်ချိန်မမှန်ခြင်း**

နေ့စဉ်အိပ်ရာဝင်ချိန်နှင့် နိုးချိန်မမှန်ခြင်းသည် ခန္ဓာကိုယ်၏ သဘာဝအချိန်စနစ်ကို ပျက်ပြားစေနိုင်သည်။ ဥပမာ- တစ်ရက်တွင် ည ၁၀ နာရီအိပ်ပြီး နောက်တစ်ရက်တွင် ည ၂ နာရီမှ အိပ်ခြင်း၊ပိတ်ရက်တွင် နေ့လယ်ပိုင်းထိအိပ်ခြင်း၊ ညအလုပ်ဆင်းခြင်း သို့မဟုတ် ခရီးသွားခြင်းကြောင့် အချိန်ပြောင်းလဲခြင်းတို့သည် အိပ်စက်မှုစနစ် မညီမညာဖြစ်လာနိုင်သည်။ ခန္ဓာကိုယ်တွင် အိပ်ချိန်၊ နိုးချိန်၊ ဟော်မုန်းထွက်ချိန်၊ ကိုယ်အပူချိန်ပြောင်းလဲမှုတို့ကို ထိန်းညှိပေးသော သဘာဝနာရီစနစ်ရှိသည်။ ထိုစနစ်မမှန်ပါက အိပ်ချိန်တွင် အိပ်ချင်စိတ်မရှိခြင်း၊ အလုပ်လုပ်ချိန်တွင် အိပ်ငိုက်ခြင်းတို့ ဖြစ်လာနိုင်သည်။

**၈။ အိပ်ခန်းပတ်ဝန်းကျင် မသင့်တော်ခြင်း**

အိပ်ခန်းပတ်ဝန်းကျင်သည် အိပ်စက်မှုအရည်အသွေးကိုများစွာသက်ရောက်စေသည်။ အခန်းပူလွန်းခြင်း၊ အေးလွန်းခြင်း၊ ဆူညံသံများခြင်း၊ အလင်းရောင်များခြင်း၊ မွေ့ရာနှင့်ခေါင်းအုံး သက်သောင့်သက်သာ မရှိခြင်းတို့ကြောင့် အိပ်ပျော်ရန်ခက်ခဲနိုင်သည်။ အိပ်ခန်းကို တတ်နိုင်သမျှတိတ်ဆိတ်၍ သင့်တင့်သော အလင်းရောင်နှင့်လေဝင်လေထွက်ကောင်းပြီး အပူချိန် သင့်တော်သောနေရာအဖြစ်ထားရှိသင့်သည်။

**၉။ ညဘက် အစားအလွန်အကျွံစားခြင်း သို့မဟုတ် ဗိုက်ဆာလွန်းခြင်း**

ညအိပ်ချိန်နီးကပ်မှ အဆီများသောအစားအစာ၊ စပ်သောအစားအစာများစားခြင်းသည် အစာမကြေခြင်း၊ ရင်ပူခြင်း၊ ဗိုက်ဖောင်းခြင်းတို့ဖြစ်စေပြီး အိပ်စက်မှုကို ထိခိုက်စေနိုင်သည်။ အခြားတစ်ဖက်တွင် ဗိုက်ဆာလွန်းခြင်းကလည်း အိပ်ပျော်ရန်ခက်ခဲစေသည်။ ညဘက်တွင် အစားအစာကို အလွန်အကျွံမစားဘဲ အိပ်ချိန်မတိုင်မီ နာရီအနည်းငယ်ခန့်ကတည်းက စားသောက်ပြီးစီးနေရန်ကြိုးစားသင့်သည်။ ဗိုက်ဆာနေပါက နို့ပူပူ၊ ငှက်ပျောသီး၊ အခွံမာသီး အနည်းငယ်ကဲ့သို့ ပေါ့ပါးသောအစားအစာကို သင့်တင့်သလောက် စားသုံးနိုင်သည်။

**၁၀။ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း သို့မဟုတ် ညနက်မှ အပြင်းအထန်လေ့ကျင့်ခန်းလုပ်ခြင်း**

နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုနည်းပါက ခန္ဓာကိုယ်သည် ညဘက်အိပ်ချိန်တွင် အိပ်မပျော်ဖြစ်စေသည်။ ပုံမှန်လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလုပ်ခြင်းတို့သည် အိပ်စက်မှုအရည်အသွေးကို ကောင်းမွန်စေနိုင်သည်။ သို့သော် ညအိပ်ချိန်နီးကပ်မှ အလွန်ပြင်းထန်သော လေ့ကျင့်ခန်းလုပ်ခြင်းသည် နှလုံးခုန်နှုန်းမြင့်တက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ စိတ်လှုပ်ရှားမှုများခြင်းတို့ကြောင့် အချို့သူများတွင် အိပ်ပျော်ရန်ခက်ခဲစေသည်။ လေ့ကျင့်ခန်းကို နံနက်ပိုင်း သို့မဟုတ် ညနေပိုင်းတွင် ပြုလုပ်ခြင်းက ပိုသင့်တော်နိုင်သည်။

**၁၁။ နာကျင်မှုနှင့် ကိုယ်ခန္ဓာရောဂါများ**

ခါးနာခြင်း၊ ဒူးနာခြင်း၊ ခေါင်းကိုက်ခြင်း၊ သွားနာခြင်း၊ အဆစ်အမြစ်နာခြင်း၊ အရေပြားယားယံခြင်း၊ အသက်ရှူမဝခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ပူခြင်း စသည့် ကိုယ်ခန္ဓာမအီမသာမှုများသည် အိပ်စက်မှုကို တိုက်ရိုက်ထိခိုက်စေနိုင်သည်။

ဆီးချိုရောဂါရှိသူများတွင် ညဘက်ဆီးခဏခဏ သွားရခြင်း၊ ဆီးကျိတ်ကြီးခြင်းရှိသူများတွင် ညဘက်ဆီးသွားချင်ခြင်း၊ နှလုံးနှင့် အဆုတ်ရောဂါရှိသူများတွင် အသက်ရှူမဝခြင်းတို့ကြောင့်လည်း အိပ်ပျော်ရန် ခက်ခဲနိုင်သည်။

**၁၂။ အိပ်နေစဉ် အသက်ရှူလမ်းကြောင်းပိတ်ခြင်း**

အိပ်နေစဉ် အသက်ရှူလမ်းကြောင်းပိတ်ခြင်းသည် အိပ်စက်နေစဉ် အသက်ရှူခဏရပ်သွားခြင်း သို့မဟုတ် အသက်ရှူမဝခြင်းဖြစ်စေသော အခြေအနေတစ်ခုဖြစ်သည်။ အိပ်နေစဉ် ဟောက်သံကျယ်ခြင်း၊ အသက်ရှူရပ်သကဲ့သို့ ဖြစ်ခြင်း၊ ညဘက်မကြာခဏနိုးခြင်း၊ နံနက်ခင်းခေါင်းကိုက်ခြင်း၊ နေ့ခင်းဘက် အလွန်အိပ်ငိုက်ခြင်းတို့ ဖြစ်နိုင်သည်။

အဝလွန်ခြင်း၊ လည်ပင်းအဆီများခြင်း၊ အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် နှာခေါင်းလမ်းကြောင်း ပြဿနာများသည် အန္တရာယ်တိုးစေနိုင်သည်။ ဤအခြေအနေကို မကုသဘဲထားပါက သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်း အန္တရာယ်များ တိုးလာနိုင်သဖြင့် ကျန်းမာရေးဝန်ထမ်းနှင့် တိုင်ပင်စစ်ဆေးသင့်သည်။

**၁၃။ ခြေထောက်မငြိမ်ခြင်း**

ခြေထောက်မငြိမ်ခြင်းဆိုသည်မှာ ညဘက်နားနေချိန် သို့မဟုတ် အိပ်ရာဝင်ချိန်၌ ခြေထောက်များတွင် မသက်မသာဖြစ်ခြင်း၊ လှုပ်ရှားချင်စိတ်ဖြစ်ခြင်း၊ စူးစူးရှရှ၊ တရွရွဖြစ်သလိုခံစားရခြင်းတို့ ဖြစ်စေသော အခြေအနေဖြစ်သည်။ ခြေထောက်လှုပ်ရှားလိုက်လျှင် ခဏသက်သာသော်လည်း လှုပ်ရှားမှုနားလိုက်လျှင် ပြန်ဖြစ်တတ်သဖြင့် အိပ်ပျော်ရန်ခက်ခဲစေနိုင်သည်။ သံဓာတ်နည်းခြင်း၊ ကျောက်ကပ်ရောဂါ၊ ကိုယ်ဝန်ဆောင်ချိန်နှင့် အချို့ဆေးဝါးများသည် ဤလက္ခဏာနှင့် ဆက်စပ်နိုင်သည်။

**၁၄။ အချို့ဆေးဝါးများ၏ သက်ရောက်မှု**

အချို့ဆေးဝါးများသည် အိပ်စက်မှုကို ထိခိုက်စေနိုင်သည်။ ဥပမာ-အအေးမိဆေးများ၊ ပန်းနာရင်ကျပ်ဆေးများ၊ စတီးရွိုက်ဆေးများ၊ ကိုယ်အလေးချိန်လျှော့ဆေး၊ စိတ်ကိုနိုးကြားစေသောဆေးများနှင့် စိတ်ကျဆေးများက လူတချို့တွင် အိပ်မပျော်ခြင်း ဖြစ်စေနိုင်သည်။ ဆေးသောက်ပြီးနောက် အိပ်မပျော်ခြင်း စတင်ဖြစ်လာပါက ဆေးကို မိမိဘာသာ ရပ်တန့်မပစ်ဘဲ ဆရာဝန် သို့မဟုတ် ဆေးဝါးကျွမ်းကျင်သူနှင့် တိုင်ပင်သင့်သည်။

**၁၅။ အသက်အရွယ်ကြီးလာခြင်း**

အသက်အရွယ်ကြီးလာသည်နှင့်အမျှ အိပ်စက်မှုပုံစံ ပြောင်းလဲလာတတ်သည်။ အသက်ကြီးသူများတွင် အိပ်စက်မှုလျော့နည်းခြင်း၊ ညဘက်နိုးလွယ်ခြင်း၊ မနက်စောစောနိုးခြင်း၊ နေ့ခင်းဘက် အိပ်ငိုက်ခြင်းတို့ဖြစ်တတ်သည်။ သို့သော် အသက်ကြီးလို့အိပ်မပျော်တာ သဘာဝပဲဟုသာ မယူဆသင့်ပေ။ နာကျင်မှု၊ ဆီးခဏခဏသွားရခြင်း၊ စိတ်ကျရောဂါ၊ ဆေးဝါးများ၊ အိပ်နေစဉ် အသက်ရှူလမ်းကြောင်းပိတ်ခြင်း စသည့် ကိစ္စများကြောင့် အိပ်စက်ရန်ခက်ခဲပါကကုသနိုင်သဖြင့် လိုအပ်ပါက ကျန်းမာရေးဆေးစစ်သင့်သည်။

**အိပ်ပျော်စေရန် လိုက်နာသင့်သော အလေ့အထများ**

အိပ်မပျော်ခြင်းကို လျော့နည်းစေရန် နေ့စဉ်ဘဝတွင်အောက်ပါအလေ့အထများကို လိုက်နာနိုင်သည်-

စာမျက်နှာ ၁၁ သို့➤

# တေးသံရှင် ဆုန်သင်းပါရ်၏ Return of My Lady တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်




ရန်ကုန် ဩဂုတ် ၂၂

တေးသံရှင် ဆုန်သင်းပါရ်၏ Return of My Lady တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon-THOR Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်က ပြောပြသွားခဲ့သည်။

တေးသံရှင် ဆုန်သင်းပါရ်၏ Return of My Lady တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဆုန်သင်းပါရ်၏ သီဆိုဖျော်ဖြေမှုကို Mercury IX Band အဖွဲ့ကအကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Return of My Lady လို့အမည်ပေးထားတဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ဩဂုတ် ၂၅ ရက်မှာ The Heart of Rangoon-THOR Bar မှာ Mercury IX Band အဖွဲ့နဲ့အတူ အကောင်းဆုံး ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်"ဟု တေးသံရှင် ဆုန်သင်းပါရ်က ပြောပြသည်။

The Heart of Rangoon-THOR Bar ၌ ပြုလုပ်မည့် တေးသံရှင် ဆုန်သင်းပါရ်၏ Return of My Lady တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၂၅ ရက် ညနေ ၆ နာရီ မိနစ် ၃၀ တွင် စတင်ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်က ပြောပြ၍ သိရသည်။

ASH

# Pirates of the Caribbean-6 ဇာတ်ကား ရိုက်ကူးရေးအတွက် မင်းသား ဂျွန်နီဒက်ပ်နှင့် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီတို့ ဆွေးနွေးနေ

နယူးယောက် ဩဂုတ် ၂၂

Pirates of the Caribbean -6 ဇာတ်ကားရိုက်ကူးထုတ်လုပ်ရေးအတွက် မင်းသား ဂျွန်နီဒက်ပ်နှင့် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီတို့ကြား ဆွေးနွေးနေကြောင်း ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

Pirates of the Caribbean -6 ဇာတ်ကားအတွက် မင်းသား ဂျွန်နီဒက်ပ်နှင့် ဒစ္စနီးကုမ္ပဏီတို့ ဆွေးနွေးနေမှုကို ကမ္ဘာကျော်ရုပ်ရှင်ထုတ်လုပ်သူ ဂျာရီဘရွတ်ဟိုင်းမားက အတည်ပြုပြောကြားထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းရေးသားမှုကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

ဒစ္စနီးကုမ္ပဏီက နောက်ဆုံးရိုက်ကူးထုတ်လုပ်ခဲ့သည့် ဇာတ်ကားမှာ Dead Men Tell No Tales ဇာတ်ကားဖြစ်သည်။

ဒစ္စနီးကုမ္ပဏီသည် Pirates of the Caribbean ဇာတ်ကားပေါင်း ငါးကားရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်ရာ အဆိုပါဇာတ်ကားများ၏ စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ရေဘေးသင့်ပြည်သူများ ကူညီရေးရန်ပုံငွေဘောလုံးပွဲတွင် ရုပ်ရှင်၊ သဘင်၊ ဂီတမှ အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဩဂုတ် ၂၂

MRTV-4 ရုပ်သံလိုင်းနှင့် Pyone Play တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် ရေဘေးသင့်ပြည်သူများ ကူညီရေးရန်ပုံငွေဘောလုံးပွဲတွင် ရုပ်ရှင်၊ သဘင်၊ ဂီတမှ အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း အဆိုပါဘောလုံးပွဲတွင် ပါဝင်ကစားမည့်ဇာတ်မင်းသား ဖိုးချစ်ထံမှ သိရသည်။

ရေဘေးသင့်ပြည်သူများကူညီရေးရန်ပုံငွေဘောလုံးပွဲကို ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ဝင်ကြေးအခမဲ့ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်၊ သဘင်၊ ဂီတချစ်သူများနှင့် အားကစားဝါသနာရှင်များက ရေဘေးသင့်ပြည်သူများကူညီရေးအတွက် အလှူငွေများ ထည့်ဝင်ကူညီနိုင်ကြောင်း သိရသည်။

"ရေဘေးသင့်ပြည်သူများ ကူညီရေးရန်ပုံငွေဘောလုံးပွဲမှာ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်က အနုပညာရှင်တွေ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ M10 ဘောလုံးအသင်းနဲ့ R7 ဘောလုံးအသင်းတို့ဖြစ်ပါတယ်။ ပွဲဝင်ကြေးကတော့ အခမဲ့ဖြစ်ပါတယ်"ဟု ဇာတ်မင်းသား ဖိုးချစ်က ပြောပြသည်။

အဆိုပါပွဲတွင် M10 ဘောလုံးအသင်း၌ ကျော်ကျော်ဗို၊ သူထူးစံ၊ ဖိုးချစ်၊ ဖြိုးလေး၊ ယုန်လေး၊ စစ်နိုင်၊ ဘုန်းလျှံ၊ သီဟတင်အောင်စိုး၊ သွေး၊ စိုင်းစည်သွမ်ခမ်း၊ ရော်ရှက်၊ မောင်ကင်း၊ ဇော်လင်းထွန်း၊ နေလင်းဦး၊ ချမ်းသာ၊ အောင်ကောင်းဆက်၊ သီလလှ၊ မျိုးပိုင်ချစ်၊ ရဲရင့်ဇာလ၊ ရဲထွဋ်တို့ ပါဝင်ကစားကြမည်ဖြစ်ပြီး R7 ဘောလုံးအသင်းတွင် ထွန်းထွန်း၊ မိုးယံဇွန်၊ ရာဝဏ၊ ချာလီငြိမ်း၊ လွှမ်းပိုင်၊ နေဝင်း၊ ကောင်းစစ်သွေး၊ အိစိကွေး၊ နေရဲ၊ ထူးခြား၊ ဟိန်းထက်၊ ရာဇာမျိုးမင်း၊ ခန့်ကျော်၊ စူးရှထူး၊ ထူးနိုင်လင်း၊ မောင်မောင်လွင်၊ နန္ဒလင်းကျော်ချစ်၊ စိုင်းဝေမျိုးသော်၊ အောင်သီဟ၊ ထက်ဦးထွဋ်၊ ပုရိသ၊ အောင်ရေချမ်း၊ ဆန်းမင်းဟိန်း၊ ထွဋ်ဖွဲ့ဝီရ၊ နိုင်းနိုင်း(မဲတူ)၊ နေဝန်းမင်းဟန်တို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Last Seder ဇာတ်ကားသစ်၌ သရုပ်ဆောင်လေးဦး ပါဝင်သရုပ်ဆောင်ထား

နယူးယောက် ဩဂုတ် ၂၂

The Last Seder အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး သိုရာဘာ့၊ ဘာဘရာဟက်စလေ၊ မော်ဂန်ဆေလာနှင့် မင်းသား ဂျက်ပယ်ရီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

The Last Seder ဇာတ်ကားသည် မိသားစုဟာသဒရာမာ ဇာတ်ကားဖြစ်ပြီး ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို စာရေးဆရာမ ဂျင်နီဖာမိုင်ဆယ်၏ The Last Seder ပြဇာတ်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲရိုက်ကူးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ အာလင်းနယ်ဆင်က ရိုက်ကူးပေးထားသည်။

လက်ရှိတွင် The Last Seder ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းမှာ လော့စ်အိန်ဂျလိစ်မြို့တော်၌ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ထုတ်လုပ်သူများက ကြေညာထားသည်။

The Last Seder ဇာတ်ကားအတွက် ဇာတ်ညွှန်းကို စာရေးဆရာမဂျင်နီဖာမိုင်ဆယ်ကပင် ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



ငံ စာမျက်နှာ ၁၀ မှအဆက်

- နေ့စဉ်အိပ်ရာဝင်ချိန်နှင့်အိပ်ရာထချိန်ကို တတ်နိုင်သမျှ တူညီအောင်ထားပါ။
- ညနေပိုင်းနှင့် ညဘက်တွင် ကော်ဖီ၊ လက်ဖက်ရည်၊ အားဖြည့်အချိုရည်များကို လျှော့သောက်ပါ။
- အိပ်ရာဝင်ချိန်မတိုင်မီ ဖုန်း၊ ကွန်ပျူတာ၊ တီဗွီအသုံးပြုမှုကို လျှော့ချပါ။
- အိပ်ခန်းကို တိတ်ဆိတ်အောင်၊ လေဝင်လေထွက်ကောင်းပြီး သက်သောင့်သက်သာရှိအောင် ပြင်ဆင်ပါ။
- နေ့စဉ်လမ်းလျှောက်ခြင်း သို့မဟုတ် သင့်တော်သောကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
- ညအိပ်ချိန်နီးကပ်မှ အစားအစာ အလွန်အကျွံစားခြင်း၊ အရက်သောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းကို ရှောင်ပါ။
- အိပ်ရာဝင်ချိန်တွင် အသက်ဖြည်းဖြည်းရှူခြင်း၊ တရားထိုင်ခြင်း၊ စိတ်ငြိမ်သက်စေသော စာဖတ်ခြင်း၊ တိတ်ဆိတ်သော ဂီတနားထောင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။
- အိပ်ရာပေါ်တွင် အချိန်ကြာကြာမအိပ်ပျော်ပါက ဖုန်းကြည့်နေခြင်းမပြုဘဲ အလင်းမပြင်းသောနေရာတွင် စိတ်အေးစေသော အရာတစ်ခုပြုလုပ်ပြီး အိပ်ငိုက်လာမှ ပြန်အိပ်ရာဝင်ပါ။

**မည်သည့်အချိန်တွင် ဆရာဝန်နှင့် တိုင်ပင်သင့်သလဲ**

အိပ်မပျော်ခြင်းသည် ရက်အနည်းငယ်သာဖြစ်ပြီး နေ့စဉ်ဘဝကို မထိခိုက်ပါက အိပ်စက်မှုအလေ့အထများ ပြုပြင်ခြင်းဖြင့် သက်သာလာနိုင်သည်။ သို့သော် အိပ်မပျော်ခြင်းသည် ရက်သတ္တပတ်များစွာ ဆက်လက်ဖြစ်နေခြင်း၊ နေ့ခင်းဘက် အလွန်နုပ်ပန်းခြင်း၊ အိပ်ငိုက်ခြင်း၊ အလုပ် သို့မဟုတ် ယာဉ်မောင်းရာတွင် အန္တရာယ်ဖြစ်နိုင်ခြင်း၊ ဟောက်သံကျယ်ခြင်း၊ အိပ်နေစဉ် အသက်ရှူရပ်သလိုဖြစ်ခြင်း၊ စိတ်ကျခြင်း၊ စိုးရိမ်ပူပန်မှုများခြင်း၊ မျှော်လင့်ချက်မရှိသလို ခံစားရခြင်း၊ နာကျင်မှု၊ အသက်ရှူမဝခြင်း၊ ညဘက် ဆီးခဏခဏသွားရခြင်းတို့ကြောင့် အိပ်မပျော်ခြင်း၊ မိမိကိုယ်ကို ထိခိုက်စေလိုသော အတွေးများ ဖြစ်ပေါ်ခြင်းများရှိပါက ကျန်းမာရေးဝန်ထမ်းနှင့် တိုင်ပင်သင့်သည်။

**အိပ်စက်မှုကောင်းခြင်း**

အိပ်မပျော်ခြင်းသည် လူအများတွင် ကြုံတွေ့ရတတ်သောပြဿနာတစ်ခုဖြစ်သော်လည်း အမြဲတမ်းလျစ်လျူမရှုသင့်ပေ။ စိတ်ဖိစီးမှု၊ဖုန်း၊ ကွန်ပျူတာ၊ တီဗွီစသည်တို့ အသုံးများခြင်း၊ ကဖင်းဓာတ်၊ အရက်၊ ဆေးလိပ်၊ အိပ်ချိန်မမှန်ခြင်း၊ နာကျင်မှု၊ စိတ်ကျန်းမာရေးပြဿနာများနှင့် အခြားကိုယ်ခန္ဓာရောဂါများက အိပ်စက်မှုကို ထိခိုက်စေနိုင်သည်။

အိပ်စက်မှုကောင်းခြင်းသည် စိတ်ကြည်လင်မှု၊ မှတ်ဉာဏ်ကောင်းမှု၊ ကိုယ်ခံအားကောင်းမှု၊ နှလုံးသွေးကြောကျန်းမာရေးနှင့် နေ့စဉ်ဘဝ အရည်အသွေး ကောင်းမွန်မှုတို့အတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် အိပ်မပျော်ခြင်းကို သာမန်ကိစ္စဟု မယူဆဘဲ မိမိ၏အိပ်စက်မှုအလေ့အထကို ပြန်လည်သုံးသပ်ကာ လိုအပ်ပါက ကျန်းမာရေးဝန်ထမ်းနှင့်တိုင်ပင်ခြင်းသည် အရေးကြီးပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

**ကိုးကား**

1. World Health Organization: Sleep and health information
2. National Heart, Lung, and Blood Institute: Insomnia overview
3. U.S. Centers for Disease Control and Prevention: Sleep and sleep disorders
4. Mayo Clinic: Insomnia symptoms and cau

# President U Min Aung Hlaing meets Myanmar Embassy staff and trainees in Republic of Belarus



President U Min Aung Hlaing meets Myanmar Embassy staff and trainees in Republic of Belarus.

**Nay Pyi Taw August 22**

President of the Republic of the Union of Myanmar U Min Aung Hlaing, currently on an official visit to Minsk, the Republic of Belarus, met with families of the Myanmar Embassy staff and trainees at the Double Tress by Hilton Hotel yesterday at 7:15 pm local time and delivered an address.

The meeting was attended by accompanying Union Ministers, the Chief Executive Officer of the Myanmar Space Agency, the Chief Minister of Taninthayi Region, senior military officers from the Office of the Commander-in-Chief of Defence Services, Deputy Ministers, Myanmar Ambassador to Belarus U Maung Maung Soe, embassy staff and their families, and trainees.

In his address, the President stated that this official visit to Belarus came at the invitation of Belarusian President Mr Aleksandr Lukashenko after he assumed the duties of Head of State. He noted that although Belarus is geographically distant, previous state leaders had the foresight to establish relations with the country. During his tenure, efforts were made to further enhance bilateral ties, leading to significant progress in friendship and cooperation between Myanmar and Belarus. As part of elevating diplomatic relations, the Embassy of Myanmar in Belarus was also established, and Belarus remains a true and valued friend of Myanmar.

He highlighted that Belarus successfully develops its economy through modern machinery grounded in agriculture and livestock breeding, alongside advanced developments in science and technology. As Myanmar is also an agriculture- and livestock-based manufacturing country, cooperation with Belarus will greatly support the advancement of Myanmar's science, technology, and agro-livestock sectors. For this reason, active efforts are underway to enhance bilateral cooperation.

He noted that Belarus possesses advanced agro-industries and employs modern methods in livestock farming, successfully exporting products internationally. Given that Myanmar also relies on agriculture and livestock, both nations share common ground. The President observed firsthand the thriving agricultural industry during his visit, emphasizing that expanding relations with Belarus will yield substantial benefits for Myanmar.

To further deepen these ties, the Myanmar–Belarus Cooperation Roadmap (2026–2028) is being drafted and implemented. He urged embassy personnel to actively work toward the success of these joint cooperation initiatives.

He remarked that Belarus offers a high standard of education, attracting students and trainees from many countries, including Myanmar. He urged state scholars and trainees studying in Belarus to systematically pursue their respective fields so they can apply their knowledge for the benefit of their nation. Because their education is being pursued at the cost of significant time and financial resources in a distant country with harsh weather, he emphasized the importance of disciplined study to serve the motherland effectively.

The President encouraged students to maintain good relations with peers from Asian and other countries, preserve the dignity of Myanmar, and uphold the nation's honour. He affirmed that efforts are underway to keep the country firmly on the path of multi-party democracy desired by the public, ensuring national peace, stability, and development. Furthermore, he noted the importance of understanding the true historical facts of the nation and helping educate others who may not know them.

He advised them to act appropriately according to their circumstances and experiences, behave respectfully abroad to uphold the nation's image, and engage in physical exercise to maintain health. Regarding their studies, he encouraged them to learn beneficial foreign languages alongside modern, evolving technologies. Since Belarus experiences harsh weather, he reiterated the importance of looking after their personal well-being and staying physically active.

Afterward, the President presented foodstuffs and honorary cash awards to the embassy families and scholar trainees, which were accepted by the Ambassador and trainees. MNA

# Kalay Township grows more than 15,000 acres of rainfed sesame this year

**Kalay August 22**

Statistics of Kalay Township Agriculture Department stated that local farmers planted 15,507 acres of rainfed paddy in Kalay Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season in Kalay Township, a target of 24,779 acres was set for planting rainfed sesame. Planting began in May of this year, and it is reported that 15,507 acres have been successfully planted to date.

"During this year's monsoon crop planting season in Kalay Township, the target was set at over 20,000 acres of rainfed sesame, and 15,507 acres have already been planted. We are taking measures to ensure the targeted acreage is fully met. We are also working on expanding the sesame cultivation area, improving crop yields, and implementing GAP (Good Agricultural Practices) methods," said Daw Marn Ewl, the Township Officer of the Kalay Township Department of Agriculture.

It is reported that this year, the Township Department of Agriculture has been raising awareness among rainfed sesame farmers in Kalay Township about expanding sesame cultivation, proper planting techniques, adopting GAP methods, utilizing pure, high-quality seeds, and growing high-yielding varieties.

Crops produced using the GAP system offer significant benefits over those grown with other cultivation methods, including better quality, higher prices, and the ability to be exported to foreign markets alongside the domestic market. As a result, farmers who cultivate using the GAP system will achieve greater economic success, which will, in turn, improve their socioeconomic livelihoods. 206

# More than 28,000 acres of pigeon pea planted in Myinmu Township this year

**Myinmu August 22**

Local farmers grew 28,343 acres of pigeon pea as monsoon crops in Myinmu Township of Sagaing Region this year, according to the township Agriculture Department.

During the current 2026-2027 monsoon crop planting season in Myinmu Township, a target of 35,225 acres was set for planting pigeon peas. Planting began in May of this year, and it is reported that 28,343 acres have been successfully planted to date.

"During this year's monsoon crop planting season in Myinmu Township, the target was set at 35,225 acres of pigeon peas, and 28,343 acres have already been planted. We are taking measures to ensure the targeted acreage is fully met. We are also working on improving yields for pigeon pea cultivation. Pigeon peas are grown both as a standalone crop and as an intercrop," said U Soe Paing, the Township Officer of the Myinmu Township Department of Agriculture.

It is reported that this year, the Township Department of Agriculture has been conducting field visits to educate pigeon pea farmers in Myinmu Township on selecting pure, high-quality seeds, using correct planting techniques, keeping crops pest-free, and improving overall crop yields.

To help pigeon pea farmers in Myinmu Township reduce the costs associated with purchasing foliar fertilizers, the Township Department of Agriculture has been distributing techniques for using a combination of urea and borax. It is reported that using the urea and borax method lowers cultivation expenses, keeps the plants pest-free, and promotes healthy plant growth. 206

# President of the Republic of Union of Myanmar U Min Aung Hlaing and high-level Myanmar delegation leave Belarus, arrive in Kyzyl, Tuva Republic, Russian Federation



**President U Min Aung Hlaing being seen off at Minsk International Airport in Belarus.**




**President U Min Aung Hlaing being welcomed at Kyzyl International Airport.**

**Nay Pyi Taw August 22**

President of the Republic of Union of Myanmar U Min Aung Hlaing and his high-level Myanmar delegation, who were on an Official Visit to Minsk in Belarus at the invitation of President of the Republic of Belarus Mr. Aleksandr Lukashenko, left Minsk International Airport in Belarus at 8.20am local time today.

The President and his delegation were warmly seen off at the airport by Deputy Prime Minister of Belarus H.E. Mr. Viktor Karankievch, Deputy Minister of Foreign Affairs H.E. Mr. Sergey Lukashevich, officials of Belarusian government, the Belarusian Ambassador to Myanmar, Myanmar ambassador to Belarus U Maung Maung Soe and officials.


During the warm farewell ceremony, the Guard of Honour of Belarus also took positions on both sides of the red carpet and saluted President U Min Aung Hlaing.

The President and his delegation arrived at Kyzyl International Airport, Kyzyl, Tuva Republic, Russian Federation at 6.20pm local time, and were cordially welcomed by Mr. Vladislav Khovalyg, Head of the Tuva Republic and officials of the local government, Myanmar Ambassador to Russian Federation U Myo Moe Aung, and officials.

During the welcoming ceremony, two young girls warmly welcomed the President and delegation by draping commemorative scarves over them as a symbol of deep respect and honor to the dignitaries visiting the Tuva Republic, which is a culture of the republic.

MNA

# President U Min Aung Hlaing holds meeting with Head of Tuva Region



**President U Min Aung Hlaing shakes hands with Head of the Tuva Republic Mr. Vladislav Khovalyg.**

**Nay Pyi Taw August 22**

President of the Republic of the Union of Myanmar U Min Aung Hlaing, who is on an official visit to the Russian Federation, held talks with the Head of the Tuva Republic Mr. Vladislav Khovalyg at 7 pm local standard time today at the Regional Government House in Kyzyl.

Arriving at the Government Residence of the Tuva Regional Government House where the meeting was to be held, the President was warmly welcomed by the Speaker of the Regional Parliament Mr. Karaool Sholban and relevant officials.

The President attended along with the Union Ministers and members accompanying him on the trip, the Myanmar Ambassador to the Russian Federation, and relevant officials, while the Head of Tuva Republic was joined by the Speaker of the Regional Parliament, the Ambassador of the Russian Federation to Myanmar, and members of the regional government.

At the meeting, the Head of Tuva Republic said that that they warmly and cordially welcome the Myanmar high-level delegation led by the President of the Republic of the Union of Myanmar. He explained facts about the history of Tuva Region, agriculture and livestock farming and mineral exploration in Tuva Republic, the faith of the majority of residents in Tuva Republic in Buddhism, same religious beliefs with Myanmar, and promotion of cooperation between Myanmar and Tuva Republic in religion, culture, education and tourism sectors.

The President and party watched a video clip on the history of the Tuva Republic, beautification and development undertakings.

In response, the President said that he was pleased and thankful to the Head of Tuva Republic and members of the regional government for warmly welcoming the Myanmar high-level delegation led by him; that this was his first visit to Tuva Republic, and seeing the clean, pleasant, beautiful, and lush green mountain landscapes brought peace to their hearts. The President said Myanmar and Russia are reliable close friends, and despite the geographical distance, their diplomatic ties have been long-standing and positive. He explained friendship and cooperation have now reached an optimal stage to gain momentum to initiate enhancement of friendship and cooperation, promotion of cooperation between the central governments of both countries, and strengthening cooperation between states from both countries. The President stated that the Tuva Republic is a region rich in mineral resources with thriving agriculture and livestock industries, and Myanmar is also a nation abundant in above-ground and underground natural resources that carries out agriculture and livestock farming. Hence, there is strong potential and opportunity to further promote cooperation between Myanmar and Tuva Republic. The President highlighted that bilateral promotion of pilgramage and tourism services as the majority of Myanmar is Buddhist while the majority of the Tuva Republic is also Tibet Buddhist, strengthening of diplomatic relations more than now in order to leverage up relations between governments and peoples of both countries, and plans to further promote frienfship and cooperation between the two countries.

The President and the Head of Tuva Republic posed for documentary photos.

After the meeting, the President and party attended the dinner in their honour hosted by the Head of Tuva Republic. Before and during the dinner, cultural troupes of Tuva Republic performed cultural songs and dances.

After the dinner, the President and the Head of Tuva Republic exchanged commemorative gifts.

MNA

# Vice President Daw Nan Ni Ni Aye attends and delivers remarks at the opening ceremony of the 2026 Myanmar Traditional Food Competition and Exhibition (Mandalay)




Vice President Daw Nan Ni Ni Aye awards a winner.

**Mandalay August 22**

Under the supervision of the Ministry of Hotels, Tourism and Culture, the opening ceremony of the Myanmar Traditional Food Competition and Exhibition 2026 (Mandalay) (Tastes of the Golden Land 2026 Mandalay), jointly organized by the Mandalay Zone of the Myanmar Restaurant Entrepreneurs Association, was held this morning at the Mandalay Convention Centre in Mandalay. Vice President of the Republic of the Union of Myanmar Daw Nan Ni Ni Aye attended the ceremony, delivered an opening speech and presented awards.

The ceremony was attended by Union Minister for Hotels, Tourism and Culture U Maung Myint, Mandalay Region Hluttaw Speaker U Aung Kyaw Moe, Mandalay Region Chief Minister U Myo Aung, Deputy Minister U Phyo Zaw Soe, the Chief Justice of the Mandalay Region High Court, Mandalay Region ministers, heads and officials of relevant departments, officials from consulates-general, the Chairman of the Myanmar Tourism Federation and officials from affiliated associations, the Chairman and officials of the Myanmar Restaurant Entrepreneurs Association (Mandalay Zone), judges, participating chefs and invited guests.

First, artists from the Department of Fine Arts under the Ministry of Hotels, Tourism and Culture performed the song “A Land of Diverse Delicacies.”

Speaking at the ceremony, Vice President Daw Nan Ni Ni Aye said she was pleased and honoured to deliver the opening remarks at the Myanmar Traditional Food Competition and Exhibition, which is being held with the objectives of promoting Myanmar traditional foods internationally, attracting more international tourists based on Myanmar cuisine, and presenting Myanmar traditional foods to international standards.

She said that as food-related tourism has become increasingly popular in the international tourism sector, Myanmar, where diverse ethnic groups live together, possesses a wide variety of distinctive and attractive cuisines reflecting different regions and ethnic cultures. This provides significant potential for developing gastronomy tourism, which is currently gaining popularity internationally. Organizing Myanmar traditional food competitions and exhibitions not only provides an opportunity to present Myanmar cuisine to international standards but also helps promote Myanmar traditional foods to the world. Therefore, she urged systematic preparations to hold such events annually at appropriate locations and eventually expand them to include international tourists in future years.

She said the food competition and exhibition in Mandalay builds on the success of the previous event held in Yangon and provides a broader platform to showcase upper Myanmar’s distinctive traditional dishes, local products and modern culinary creations. She expressed her pride and pleasure at the event being held for the second time in Mandalay, a cultural city renowned as a centre of Myanmar’s arts and handicrafts and rich cultural heritage. She also expressed her appreciation to the Ministry and all organizations and individuals involved in organizing the event.

She praised the participating chefs, culinary enthusiasts and small business owners for contributing to the promotion and development of Myanmar traditional foods. By creatively preparing Myanmar traditional dishes while preserving their flavours, they can help highlight Myanmar’s culinary culture to the world, she said. She urged contestants to pay attention to preserving the original traditional flavours, incorporating modern and innovative presentation, and ensuring cleanliness, freshness and health standards. She also instructed the judges to assess contestants systematically and fairly according to established standards and select the outstanding dishes deserving of awards. She expressed her wish that, following the successful first event in Yangon, the second food competition and exhibition in Mandalay would further showcase the rich traditional cuisine of upper Myanmar and make a significant contribution to the development of Myanmar’s tourism industry and the regional economy.

Next, Union Minister U Maung Myint explained matters related to the organization of the Myanmar Traditional Food Competition and Exhibition 2026 (Mandalay).

The Vice President then presented certificates of honour to businesspersons who supported the event as Main Sponsors and Gold Sponsors. The Union Minister presented certificates to those who provided support as Silver Sponsors, while the Mandalay Region Hluttaw Speaker presented certificates to Bronze Sponsors, and the Mandalay Region Chief Minister presented certificates to businesspersons who supported the event as Supporting Partners.

Afterwards, the Union Minister respectfully presented a commemorative gift marking the Myanmar Traditional Food Competition and Exhibition 2026 (Mandalay) to the Vice President. A group photo was taken, after which the Vice President toured the competition area and exhibition booths and observed the contestants taking part in the competition.

The Vice President then presented awards of honour to the restaurants and hotels that won prizes in the competition, while the Union Minister presented certificates of honour to the judges, after which the opening ceremony concluded.

The event, the second of its kind to be held in Myanmar, offers visitors the chance to experience and purchase Myanmar traditional foods presented in an international-standard fine dining format, along with traditional dishes from various regions, all at one venue. It also features exhibitions, food sales and experience-sharing activities. It will run through August 23 and include panel discussions where veteran entrepreneurs and food industry experts will share their experiences, as well as entertainment programmes and lucky draws. A total of 11 teams participated in the competition, while 141 exhibition booths are showcasing and selling a variety of food products.

MNA

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# First Lady offers rice, requisites to nunneries in Nay Pyi Taw in Union Territory



Daw Kyu Kyu Hla offers rice and requisites to a nun.

**Nay Pyi Taw August 22**

A ceremony to offer rice and requisites to Buddhist learning nunneries and nunneries in Nay Pyi Taw, Union Territory, was held at the Mingalar Byuhar Sasana Beikmandawgyi in Nay Pyi Taw in Union Territory at 2 pm this afternoon and First Lady of the Republic of Union of Myanmar Daw Kyu Kyu Hla attended the ceremony, offering rice and requisites to nuns.

Also present at the ceremony were senior nuns and nuns from Buddhist learning nunneries and nunneries, wife of Vice President (1) Daw San San Aye, the wives of speakers of the Pyithu Hluttaw and the Amyotha Hluttaw, the wife of the Commander-in-Chief of Defence Services, the wife of the Deputy Commander-in-Chief of Defence Services, wives of union-level officials, the wife of the Chief of General Staff (Army, Navy, Air), the wife of the chairman of Nay Pyi Taw Council, deputy ministers, the wives of the chairman and vice chairman of the Myanmar War Veterans Organization and departmental officials.

The ceremony was opened with paying obeisance to Bhddha by reciting Namotassa three times, followed by the chanting of three Saranagon in Pali and two Metta prayer verses by nuns and the congregation.

Then, nuns and well-wishers recited Metta prayer verses for the well-wishers.

Afterward, the First Lady offered rice and requisites to Daw Nanda Marni of Pyingyi Sasana Veponla Buddhist Learning Nunnery in Pubbathiri Township and Dr Cekavadi of Amaravati Buddhist Learning Centre of Chanmyaewaithi nunnery. Then, the wife of Vice President (1), the wives of speakers of the Pyithu Hluttaw and the Amyotha Hluttaw, the wife of the Commander-in-Chief of Defence Services, the wife of the Deputy Commander-in-Chief of Defence Services, wives of union-level officials and the congregation offered rice and requisites to senior nuns and nuns from Buddhist learning nunneries and nunneries.

Afterward, the First Lady and congregation shared merits for donations to residents of 31 realms.

The ceremony concluded with a three-time recitation of "Buddha Sasanam Ciram Tithatu."

Rice and requisites worth MMK 156,273,400 for 1,474 nuns from 64 Buddhist learning nunneries and nunneries in Nay Pyi Taw in Union Territory at today's ceremony. MNA

# Kyaukmyaung Sub-Township plants more than 4,000 acres of vegetables

**Kyaukmyaung August 22**

Agricultural data from Kyaukmyaung Sub-Township stated that local farmers planted more than 4,000 acres of vegetables in Kyaukmyaung Sub-Township of Sagaing Region this year.

Here is the translation of the text into English:

During the 2026-2027 monsoon crop planting season in Kyaukmyaung Sub-Township, a target of 4,903 acres was set for planting vegetable crops. The cultivation of these vegetables began in May of this year, and it is reported that 4,355 acres have been successfully planted to date.

"During this year's monsoon crop planting season in Kyaukmyaung Sub-Township, the target was set at 4,903 acres of vegetable crops, and 4,355 acres have already been planted. We are taking measures to ensure the targeted acreage is fully met. The crops include mustard, chilies, culinary herbs, potatoes, cabbage, eggplants, and radishes. We provide farmers with the technology to cultivate all these vegetables using the GAP (Good Agricultural Practices) system. We are also teaching them techniques to grow the vegetables with minimal chemical residues to ensure they are healthy and safe for consumption," said Daw Po, the Officer of the Kyaukmyaung Sub-Township Department of Agriculture.

It is reported that this year, the Township Department of Agriculture has been supporting vegetable farmers in Kyaukmyaung Sub-Township by providing technical training on GAP cultivation methods, sharing techniques to ensure the harvested vegetables are healthy, and working to encourage farmers to expand their vegetable cultivation.

In Kyaukmyaung Sub-Township, various seasonal vegetables are cultivated annually. These vegetable crops are thriving successfully, providing a reliable source of income for the families. It is also reported that the Township Department of Agriculture has been raising awareness among vegetable farmers regarding proper planting techniques, keeping crops pest-free, and the production and use of natural fertilizers, natural pesticides, and organic pest repellents. 206

# Farmers grow more than 19,000 acres of black gram in Taze Township

**Taze August 22**

More than 19,000 acres of black gram will be cultivated during the coming winter crop cultivation season in Taze Township, Sagaing Region, the Taze Township Agriculture Department stated.

During the 2026-2027 winter crop cultivation season, local authorities earmarked cultivation of 19,047 acres of black gram.

"This year, more than 19,000 acres of black gram are targeted for cultivation in Taze Township during the coming winter crop cultivation season. We will make efforts to ensure that the targeted acreage is fully cultivated. During the black gram cultivation period, we will also conduct field activities to provide the necessary agricultural technologies, quality seeds and methods for preventing pests and diseases," said a responsible official.

The Taze Township Agriculture Department will provide black gram farmers with awareness and technical assistance on obtaining quality and pure seeds suitable for local conditions, using proper cultivation methods, preventing pest infestations, applying fertilizers systematically and achieving good yields.

During this year's monsoon crop cultivation season, the relevant Township Agriculture Department is also working in cooperation with farmers growing various pulses to improve crop yields and quality by providing quality and pure seeds, agricultural inputs and post-harvest technologies.

206

# More than 37,000 acres of rainfed paddy planted in Wetlet Township this year

**Wetlet August 22**

More than 37,000 acres of monsoon paddy have been planted in Wetlet Township of Shwebo District, Sagaing Region, during this year's monsoon crop cultivation season, according to records from the Wetlet Township Agriculture Department.

During the 2026-2027 monsoon crop cultivation season, local authorities have set a target of planting 139,600 acres of monsoon paddy. Planting began in June this year, and local farmers have so far planted 37,477 acres of paddy against the target cultivation.

"More than 130,000 acres of monsoon paddy are targeted for cultivation in Wetlet Township during this year's monsoon crop cultivation season. More than 37,000 acres have been planted as of today. We are making efforts to ensure that the targeted acreage is fully planted. We will provide the necessary agricultural technologies and seeds for monsoon paddy cultivation. We are also conducting field activities to help farmers plant monsoon paddy on time," said Daw Kyin San, Head of the Wetlet Township Agriculture Department.

It is also reported that the Township Agriculture Department and local farmers are working together to ensure that monsoon paddy is systematically cultivated without difficulties during this year's monsoon crop cultivation season.

In Wetlet Township, farmers cultivating monsoon paddy are being provided with agricultural technical assistance and awareness on preventing pest infestations, preventing crop damage and losses, and ensuring that harvested paddy is transported to covered storage facilities in a timely manner.

To ensure successful growth and good yields from the monsoon paddy fields cultivated in Wetlet Township this year, officials and staff from the Township Agriculture Department are conducting field activities to provide agricultural technical assistance, including selecting and planting quality and pure seeds, monitoring pest infestations, puddling and weeding, removing off-type plants, and applying fertilizers systematically. 206

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သို့ ရောက်ရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင်နေရာယူ၍ အလေးပြုကြစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ်ခိုဗာလစ်ဂ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။



**နေပြည်တော် ဩဂုတ် ၂၂**

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Lukashevich နှင့် ဘယ်လာရုစ်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇော်နီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင်နေရာယူ၍ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ်ခိုဗာလစ်ဂ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များကို အမျိုးသမီးငယ်နှစ်ဦးက တူဗားပြည်နယ်၏ ယဉ်ကျေးမှုတစ်ခုဖြစ်သော တူဗားပြည်နယ်သို့လာရောက်သည့် ဧည့်သည်တော်များကို နက်ရှိုင်းသောလေးစားမှုနှင့် ဂုဏ်ပြုမှုကိုဖော်ပြသည့် အထိမ်းအမှတ်ပဝါများကို ခြုံလွှမ်းပေးပြီး လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင်လိုက်ပါလာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမက်ဆင်ရူဇန်ကော့ဗ်တို့သည် ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မင့်စ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများသည် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ရောက်ရှိကြရာ ဘယ်လာရုစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တွေ့ဆုံပွဲကိုကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ရှိသည့် လယ်ထွန်စက်ထုတ်လုပ်ခြင်း၊ Optical Rader ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ သံရုံးအဆောက်အအုံသို့မဟုတ် မြေနေရာလဲလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဗီဇာကင်းလွတ်ခွင့် အသက်ဝင်နေပြီဖြစ်သောကြောင့် လေကြောင်းလိုင်းများအဆင်ပြေစေရေးဆောင်ရွက်ပေးရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ Tourism Infrastructure များစွာရှိခြင်းကြောင့် ခရီးသွားကဏ္ဍတွင်လည်း နှစ်ဖက်တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံဘက်မှ ဆောင်ရွက်သွားလိုသည့်ကိစ္စများအလိုက် မြန်မာနိုင်ငံသို့ စာပေးပို့စေလိုကြောင်း၊ မိမိတို့ဘက်မှ အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၂**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများကို ယမန်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် Double Tress by Hilton ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ်တာဝန်ယူပြီးနောက်ပိုင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာလူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊မိမိတို့နိုင်ငံနှင့်အလှမ်းကွာဝေးသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ယခင်နိုင်ငံ့အကြီးအကဲများက အမြော်အမြင်ကောင်းမွန်စွာဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ဆက်ဆံရေးကိုစတင်တည်ထောင်ခဲ့ပြီး မိမိအနေဖြင့် နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် နှစ်နိုင်ငံအကြား ဆက်ဆံမှုများပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ကာ ယခုအခါ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်များ ပိုမိုတိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု မြှင့်တင်ခြင်းအဖြစ် ဘယ်လာရုစ်နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံးကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် မိမိတို့နိုင်ငံ၏မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံပင်ဖြစ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများဖြင့် အောင်မြင်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ သိပ္ပံနှင့်နည်းပညာများလည်း များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတိုးတက်စေရေးအတွက် များစွာအထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံတွင် လယ်ယာစက်မှုလုပ်ငန်းများတိုးတက်လျက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် အောင်မြင်စွာဆောင်ရွက်ပြီး ထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိချိန်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို မျက်မြင်တွေ့ရှိခဲ့ရကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံနှင့် ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အောင်မြင်စေရေးအတွက် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ ပညာရေးသင်ကြားရေးသည်လည်း အဆင့်မီသည့်ပညာရေးစနစ်တစ်ခုဖြစ်သည်ကိုတွေ့ရှိရပြီး မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာမှ သင်တန်းသားများလည်း လာရောက်၍ပညာများဆည်းပူးလျက်ရှိသည်ကိုသိရှိရကြောင်း၊ ဘယ်လာရုစ်နိုင်ငံတွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာသင်ကြားရသည့် ဘာသာရပ်များကို မိမိတို့နိုင်ငံ၏အကျိုးအတွက် ပြန်လည်အသုံးချနိုင်ရေးစနစ်တကျသင်ယူကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံနှင့် အလှမ်းကွာဝေးပြီး ရာသီဥတုဆိုးရွားသည့် နိုင်ငံတစ်ခုတွင် ငွေကြေးနှင့်အချိန်များ ပေးဆပ်၍ သင်ကြားနေကြရခြင်းဖြစ်သဖြင့် စနစ်တကျသင်ယူပြီး နိုင်ငံအတွက် အကျိုးရှိအောင်ဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ကဲ့သို့ အာရှနိုင်ငံများမှလာရောက်သင်ကြားလျက်ရှိသည့် နိုင်ငံသားများနှင့် ပေါင်းသင်းဆက်ဆံမှုများကောင်းမွန်အောင် ဆောင်ရွက်ပြီး မိမိတို့နိုင်ငံ၏ဂုဏ်ကို ထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏သမိုင်းဖြစ်ရပ်မှန်များကို မိမိတို့ကိုယ်တိုင်သိရှိအောင် လေ့လာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ မသိရှိသေးသူများကိုလည်း သိရှိစေရေးတစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့၏ အတွေ့အကြုံနှင့် တိုင်းပြည်၏ အခြေအနေအပေါ်မူတည်၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပတွင် နေထိုင်စဉ်အတွင်း တိုင်းပြည်မျက်နှာမပျက်အောင် နေထိုင်ဆောင်ရွက်ရန်၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှားအားကစားများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရေးအပိုင်းတွင်လည်း တစ်ဦးချင်းအတွက် အကျိုးဖြစ်ထွန်းစေမည့်ဘာသာစကားများကိုလေ့လာရန်လိုသကဲ့သို့ ပြောင်းလဲတိုးတက်လျက်ရှိသည့် ခေတ်မီနည်းပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာနေကြရန် လိုကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် ရာသီဥတုဆိုးရွားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် တစ်ဦးချင်း၏ ကျန်းမာရေးကို ဂရုစိုက်ကြရန်နှင့် ကျန်းမာရေးကိုအထောက်အကူပြုစေမည့် ကိုယ်လက်လှုပ်ရှားအားကစားများကို လုပ်ဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံးမိသားစုများနှင့် ပညာတော်သင်သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီးနှင့် သင်တန်းသားများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင်လိုက်ပါလာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့ညနေပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Moroz Denis နှင့် မင့်စ်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဓာတ်မြေဩဇာစက်ရုံများအပါအဝင် Petrochemical Plant များ တည်ဆောက်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးများထည့်ဝင်၍ ပူးပေါင်းဆောင်ရွက်ရေး၊သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုပိုက်လိုင်းကွန်ရက်ကို အဆင့်မြှင့်တင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့ဆုံးရှုံးမှုများ လျော့နည်းပပျောက်စေရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပို့လွှတ်မှုတို့တွင် စနစ်တကျထိန်းချုပ်ကွပ်ကဲနိုင်သည့် Smart Power Generation နှင့် Smart Grid တို့ ဖွံ့ဖြိုးလာစေရေးအတွက် နည်းပညာများအကူအညီပေးရေး၊ မဟာဓာတ်အားလိုင်းများတွင် အသုံးပြုသည့် Cable များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှစ်ရပ်လုံးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးအတွက် သင်တန်းကျောင်းများ၊ တက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးရေးအပါအဝင် နှစ်နိုင်ငံစွမ်းအင်လုံခြုံရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန်အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့်အတူ ဒုတိယအထွေထွေ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရှေ့ဖုံးမှအဆက်

တူဗားပြည်နယ် အစိုးရအဖွဲ့အိမ်တော်သို့ ရောက်ရှိရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ် ရှော်ဘန်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တွေ့ဆုံပွဲကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တူဗားပြည်နယ် အကြီးအကဲနှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ တူဗားပြည်နယ်အကြီးအကဲက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး တူဗားပြည်နယ်၏ သမိုင်းကြောင်းဆိုင်ရာများနှင့် ဒေသဆိုင်ရာအချက်အလက်များ၊ တူဗားပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး မြန်မာနိုင်ငံနှင့် ကိုးကွယ်ယုံကြည်မှုများတူညီလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့ကြား ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍအပါအဝင်ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ်၏ သမိုင်းကြောင်း၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေဖြင့် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာကြိုဆိုသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် တူဗားပြည်နယ်သို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်ပြီး သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သည့် တောတောင်ရှုခင်းများကို မြင်တွေ့ရသဖြင့် မိမိတို့၏စိတ်နှလုံးကို ချမ်းမြေ့စေကြောင်းဖြင့်ပြောကြားပြီး မြန်မာ-ရုရှား နှစ်နိုင်ငံသည် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်း နိုင်ငံများဖြစ်ကြပြီး အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံမှုများရှည်လျားကောင်းမွန်လျက်ရှိမှုနှင့် ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန်အကောင်းဆုံး အခြေအနေသို့ရောက်ရှိလျက်ရှိမှု၊ နှစ်နိုင်ငံ ဗဟိုအစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံမှပြည်နယ်များ အချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်သည် တွင်းထွက်သယံဇာတများ ထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သည့် ပြည်နယ်တစ်ခုဖြစ်ကာ မိမိတို့နိုင်ငံသည်လည်း မြေပေါ်မြေအောက် သယံဇာတများ ပေါများစွာထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့ကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်သည့် အလားအလာနှင့်အခွင့်အလမ်းရှိမှု၊ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည့်နိုင်ငံ ဖြစ်သကဲ့သို့ တူဗားပြည်နယ်တွင်နေထိုင်သူ အများစုသည်လည်း တိဗက်ဗုဒ္ဓဘာသာ များဖြစ်ကြသဖြင့် ဘုရားဖူးခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန် မြှင့်တင်ဆောင်ရွက်နိုင်မှု၊ နှစ်နိုင်ငံအစိုးရ နှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများပိုမိုမြှင့်တင်နိုင်ရန်အတွက် သံတမန်ဆက်ဆံမှုများကို ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တူဗားပြည်နယ် အကြီးအကဲတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ် အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ပြည်နယ်ရိုးရာ ယဉ်ကျေးမှုတေးသံသာများ၊ အက အလှများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် တူဗားပြည်နယ် အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက်ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန် မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ် သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်း အဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

### ❑ လေးမျက်နှာမြို့နယ်မှ

မြဟန်တိုးသဲယာဉ်တို့ဖြင့်လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (Geobags) အား ရေယာဉ်အလယ်မှ ထိန်းချသည့် စက်ရေယာဉ်တွဲအပါအဝင် ရေယာဉ်ငယ်၊ သဲစက်လှေတွဲများဖြင့် လည်းကောင်း ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် ကြည့်ရှုစစ်ဆေးပြီး ရေစီးဝင်လမ်းကြောင်း၏ ရေစီးနှုန်းပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ ရေဝင်လမ်း ပိတ်လုပ်ငန်းနှင့် ပူးတွဲဆောင်ရွက်နိုင်ရန် ကျောက်ကြီးများ ကြိုတင်စုဆောင်း၍ Barge တွဲဖြင့် လုပ်ငန်းခွင်သို့ စီစဉ်သယ်ယူလျက်ရှိသည့်အခြေအနေနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များ၏ ဝေဖန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး အကြံပြုဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့ အမှတ်(၃)ရပ်ကွက်နှင့် သခွတ်ချောင်း ကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ ရေကျဆင်းပြီးနောက် ပျက်စီးဆုံးရှုံးမှုများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားသည်။

အလားတူ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းဆိုင်ရာများကို ကျန်းမာရေးအသိပညာပေးဟောပြောပြီး ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

### ❍ ကရင်ပြည်နယ်မှ


ခရီးသွားဧည့်သည်များ အင်းရေပြင်ပေါ်တွင် ဝါးဖောင်ဖြင့် အလည်အပတ်သွားရောက် ဓာတ်ပုံရိုက်ကူးနိုင်ရေး၊ ဒေသထွက်ကုန်၊ အစားအစာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ စနစ်တကျဖြစ်စေရေး၊ အလဝံအင်းနှင့်ပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရန်အတွက် ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရေးမှာကြားသည်။

အလားတူ ဘားအံမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့အင်္ဂါရပ်များနှင့်အညီ Green City, Clean City ဖြစ်စေရေး ရွှေဘိုကျောင်း ပရိယတ္တိစာသင်တိုက်နှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) တို့တွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၅)


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (၂၁-၈-၂၀၂၄)

နိုင်ငံဇရိယာရဲ့ သုံးပုံတစ်ပုံကျော် သစ်တောတွေ၊ စိမ့်မြေတောတွေနဲ့ ဖုံးလွှမ်းထားတဲ့ ဘယ်လာရုစ်နိုင်ငံကို ဥရောပရဲ့အဆုတ်လို့ တင်စားခေါ်ဆိုကြပါတယ်။ ဥရောပတိုက်ကြီး တစ်ခုလုံးအတွက် လေထုသန့်စင်ပေးတဲ့နေရာမှာ အဓိကကျလှတာမို့ ဒီလိုတင်စားခေါ်ဆိုကြတာပါ။ ဒါ့ပြင် ဥရောပရဲ့အပြာရောင်မျက်လုံးလို့လည်း တင်စားကြပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံထဲမှာ သဘာဝရေအိုင်နဲ့ ကန်ပေါင်း ၁၁၀၀၀ ကျော်အပြင် ကျယ်ပြောလှတဲ့ မြစ်ချောင်းအင်းအိုင်တွေ စုဝေးတည်ရှိနေပြီး မြေပုံပေါ်မှာကြည့်လိုက်ရင် အဲဒီရေပြင်တွေက နိုင်ငံရဲ့ရတနာသဖွယ် တောက်ပနေတဲ့မျက်လုံးလေးတွေလို ထင်ရှားနေလို့ ဒီလိုဖွဲ့ဆိုကြတာပါ။

နောက်အမည်နာမ တစ်မျိုးအဖြစ် ဥရောပရဲ့ စပါးကျီလို့ ခေါ်ကြပါသေးတယ်။ မြေဆီမြေဩဇာကောင်းမွန်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြတာကြောင့် ဥရောပတိုက်အတွင်း စားသောက်ကုန်တွေနဲ့ အဓိကသီးနှံတွေကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိလို့ ဂုဏ်ပြုတင်စားကြတာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ဘယ်လာရုစ်နိုင်ငံ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ဒုတိယမြောက်နေ့ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ အခုလို နှစ်နိုင်ငံခေါင်းဆောင်တွေရဲ့ အပြန်အလှန်ခရီးစဉ်တွေဟာ သံတမန်ရေးရာသမိုင်းမှာ အလွန်တရာအရေးပါပြီး အပြုသဘောဆောင်တဲ့ သက်သေပြချက်တစ်ခုလည်း ဖြစ်ပါတယ်။

ဩဂုတ်လရဲ့ ရာသီဥတုအခြေအနေအရ မင့်စ်မြို့ဟာ အလွန်အမင်းပူပြင်းခြင်းမရှိဘဲ စိုစွတ်အေးမြပြီး သာယာလှပတဲ့ ရာသီဥတုကို ပိုင်ဆိုင်ထားပါတယ်။ ဒီလို သာယာလှပတဲ့ ရာသီဥတုနဲ့အတူ ဘယ်လာရုစ်နိုင်ငံရဲ့ သမ္မတနန်းတော်မှာ နှစ်နိုင်ငံခေါင်းဆောင်တွေရဲ့ သမိုင်းဝင်တွေ့ဆုံဆွေးနွေးပွဲကြီးကို စတင်ကျင်းပနိုင်ခဲ့ပြီပဲ ဖြစ်ပါတယ်။

**ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ခမ်းနားစွာကြိုဆို**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက သမ္မတနန်းတော်ရှေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ဂုဏ်ပြုတပ်ဖွဲ့နဲ့အတူ ရင်းရင်းနှီးနှီး ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ယူစွာ တီးမှုတ် အလေးပြုခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတ နှစ်ဦးဟာ ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးပြီး နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများကို အပြန်အလှန် မိတ်ဆက်ပေးခဲ့ပါတယ်။

**ရင်းနှီးပွင့်လင်းသော သီးသန့်တွေ့ဆုံဆွေးနွေးပွဲ**

ဂုဏ်ပြုကြိုဆိုပွဲ အပြီးမှာတော့ နိုင်ငံတော်သမ္မတနဲ့ ဘယ်လာရုစ်သမ္မတတို့ဟာ သီးသန့်တွေ့ဆုံဆွေးနွေးမှုများကို ရင်းနှီးပွင့်လင်းစွာ စတင်ပြုလုပ်ခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတက မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရန်ရှိတဲ့ လုပ်ငန်းရပ်များကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်းနဲ့ မြေပြင်လက်တွေ့အကောင်အထည်ဖော်မှုကို ပံ့ပိုးပေးသွားမယ်လို့ ပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ နယ်နိမိတ်ကျယ်ဝန်းပြီး လူဦးရေ ၅၅ သန်းခန့်ရှိကာ ဘယ်လာရုစ်နိုင်ငံ လူဦးရေရဲ့ ငါးဆခန့်ရှိကြောင်းကိုလည်း သိရှိထားပါကြောင်း ထည့်သွင်းပြောဆိုခဲ့ပါတယ်။

ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာပြည်သူများရဲ့ လူမှုစီးပွားဘဝလိုအပ်ချက်များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပြီး စက်မှုစိုက်ပျိုးမွေးမြူရေးနည်းပညာနဲ့ အတွေ့အကြုံများကို မျှဝေပေးသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း ဘယ်လာရုစ်တာဝန်ရှိသူများ မြန်မာနိုင်ငံကို လာရောက်လေ့လာခဲ့ဖူးတာကြောင့် နှစ်နိုင်ငံအကြား ရင်းနှီးကျွမ်းဝင်မှုတွေ အခိုင်အမာရှိနှင့်ပြီးသား ဖြစ်ပါတယ်။ နိုင်ငံရေးအခြေအနေ တည်ငြိမ်ရေးအတွက် နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ ကြိုးပမ်းချက်များကို အသိအမှတ်ပြုပါကြောင်းနဲ့ ရွေးကောက်ပွဲ အောင်မြင်မှုအပေါ်လည်း ချီးကျူးပြောကြားခဲ့ပါတယ်။

**မြန်မာ့နိုင်ငံရေးခရီးလမ်းနှင့် အနာဂတ်ရွေးကောက်ပွဲအလားအလာ**

ဘယ်လာရုစ်သမ္မတကြီးရဲ့ ပြောကြားချက်အပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးရာမှာ မိမိအနေနဲ့ ဘယ်လာရုစ်နိုင်ငံသို့ စတုတ္ထအကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်းနဲ့ ယခုခရီးစဉ်မှာ ပြည်ထောင်စုအဆင့်တာဝန်ရှိသူများသာမက စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်ကြောင်း ရှင်းပြခဲ့ပါတယ်။ နှစ်နိုင်ငံအကြား စီးပွားရေးနဲ့ ကုန်သွယ်မှုအပါအဝင် ကဏ္ဍစုံပူးပေါင်းမှုကို ပိုမိုအရှိန်မြှင့်တင်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်တယ်လို့ဆိုပါတယ်။ ဘယ်လာရုစ်ဘက်က ကန့်သတ်ချက်မထားရှိဘဲ ပူးပေါင်းဆောင်ရွက်မယ့်အပေါ် နိုင်ငံတော်သမ္မတက လွန်စွာယုံကြည်ကြောင်း ထပ်လောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တည်တည်ငြိမ်ငြိမ်နဲ့ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီး ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပသွားမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲအတွက် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များအပြင် ဘယ်လာရုစ်နိုင်ငံမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များကိုပါ ဖိတ်ခေါ်လိုကြောင်း နိုင်ငံတော်သမ္မတက ရင်းနှီးပွင့်လင်းစွာ ဖိတ်ကြားခဲ့ပါတယ်။

**နှစ်နိုင်ငံ သံတမန်အဆင့်မြှင့်တင်မှုနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု**

တွေ့ဆုံဆွေးနွေးပွဲအတွင်းမှာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံမှုမြှင့်တင်ခြင်းအဖြစ် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို သံရုံးအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့မှုကို အဓိကထား ဆွေးနွေးခဲ့ကြပါတယ်။ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်း နှစ်ဖက်ခေါင်းဆောင်များ အသေးစိတ် အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။

ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ အခုလို တရားဝင်တွေ့ဆုံမှုမတိုင်မီ ဩဂုတ် ၂၀ ရက် ညနေပိုင်းကလည်း သမ္မတအိမ်တော်မှာ အလွတ်သဘော ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။

**နိုင်ငံတော်အဆင့် အစည်းအဝေးကြီးနှင့် လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်မှု**

မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်းမမှာ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့်တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပါတယ်။ဒီတွေ့ဆုံပွဲမှာ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၄-၂၀၂၈)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် အခြေအနေများကို အဓိကထား ဆွေးနွေးခဲ့ကြပါတယ်။

နှစ်နိုင်ငံကြား ကာကွယ်ရေး၊ လုံခြုံရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာ ပူးပေါင်းဖို့ဆွေးနွေးခဲ့ကြပါတယ်။ ဒါ့ပြင် မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာ၊ ပညာရေးနဲ့ လူငယ်ကဏ္ဍများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြပါတယ်။ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ သိပ္ပံနဲ့နည်းပညာ၊ ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်းကဏ္ဍတွေမှာပါ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ရေးအတွက် အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။

**သမိုင်းဝင်စာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း**

တွေ့ဆုံပွဲအပြီးမှာတော့ နှစ်နိုင်ငံအစိုးရနှစ်ရပ်ကြား အရေးပါတဲ့ သဘောတူညီချက်များနဲ့ နားလည်မှုစာချွန်လွှာများလဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပါတယ်။ နှစ်နိုင်ငံကြား တရားမနဲ့ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန်အကူအညီပေးရေး သဘောတူညီချက်ကိုလည်း ချုပ်ဆိုခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ဘယ်လာရုစ်ဗဟို ရွေးကောက်ပွဲကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုလည်း လဲလှယ်နိုင်ခဲ့ပါတယ်။

**အာကာသနည်းပညာနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာအာကာသအေဂျင်စီအတွက် ကမ္ဘာမြေကို အဝေးမှ အာရုံခံစောင့်ကြည့်နိုင်သော အာကာသယာဉ်ငယ်တစ်စင်း တည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်သည့်မှတ်တမ်းလွှာကိုလည်း ဖလှယ်ခဲ့ကြပါတယ်။ ဒါ့ပြင် မြန်မာအာကာသအေဂျင်စီနဲ့ Belarusian State University တို့ကြား သိပ္ပံနဲ့နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ မဟာဗျူဟာနဲ့ နိုင်ငံတကာလေ့လာရေးအဖွဲ့နဲ့ The Belarusian Institute of Strategic Research (BISR) တို့ကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကိုလည်း အတည်ပြုခဲ့ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ မဟာဗျူဟာမြောက် လေ့လာဆန်းစစ်မှုတွေအတွက် အဆိုပါ အဖွဲ့အစည်းချင်းချိတ်ဆက်မှုတွေက ကြီးမားတဲ့အထောက်အကူ ဖြစ်စေမှာအမှန်ပါပဲ။


မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပစဉ်။ (၂၁-၈-၂၀၂၄)

**ဘဏ္ဍာရေး၊ မီဒီယာနှင့် ချေးငွေမူဘောင် သဘောတူစာချုပ်များ**

ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနနဲ့ JSC Development Bank of the Republic of Belarus တို့ကြား ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား(MRTV)နဲ့ ဘယ်လာရုစ်နိုင်ငံ နိုင်ငံပိုင်ရုပ်မြင်သံကြားနဲ့ အသံလွှင့်ကုမ္ပဏီတို့ကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကိုလည်း ချုပ်ဆိုခဲ့ပါတယ်။

စုစုပေါင်း နားလည်မှုစာချွန်လွှာနဲ့ သဘောတူညီချက် ကိုးခုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ဘယ်လာရုစ်ဘက်မှ တာဝန်ရှိသူများနဲ့အတူ နှစ်နိုင်ငံသမ္မတကြီးများရှေ့မှောက်မှာ **စာမျက်နှာ ၂၀ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့ကို ပူးတွဲတွေ့ဆုံဆွေးနွေးစဉ်။ (၂၁-၈-၂၀၂၆)

စာမျက်နှာ ၁၉ မှအဆက်

အောင်မြင်စွာ လဲလှယ်ခဲ့ကြပါတယ်။ ဒီအခမ်းအနားအပြီးမှာ နိုင်ငံတော်သမ္မတနဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်များကို ဘယ်လာရုစ်သမ္မတက အလုပ်သဘောနေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။

**ဘယ်လာရုစ်သမ္မတ၏ သတင်းစာရှင်းလင်းပွဲ မိန့်ခွန်း**

သမ္မတနှစ်ဦးဟာ မီဒီယာများစုံညီစွာနဲ့ နှစ်နိုင်ငံ ပူးတွဲကြေညာချက်များကို အပြန်အလှန် မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတက မိမိတို့နှစ်နိုင်ငံကြား ရှိရင်းစွဲယုံကြည်မှုနဲ့ ခင်မင်ရင်းနှီးမှုကြောင့် ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ လက်ရှိ၂၁ ရာစုမှာ နိုင်ငံရေးသဘောတရားတွေပြောင်းလဲနေပေမယ့် နှစ်နိုင်ငံဆက်ဆံရေးကတော့ အမြဲတမ်းခိုင်မာနေဆဲဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောဆိုခဲ့ပါတယ်။

လာမယ့်နှစ်မှာ ပူးပေါင်းဆောင်ရွက်မှုအချက်အလက်များကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ကြောင်းလည်း သမ္မတကြီးက ဆိုပါတယ်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာကျောင်းသားများကို ဘယ်လာရုစ်တက္ကသိုလ်များမှာ သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ကြားပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်အချင်းချင်းနဲ့ နိုင်ငံရေးပါတီများကြား ဆက်ဆံရေးကိုလည်း ဆက်လက်တိုးမြှင့်သွားမယ်လို့ ကတိပြုခဲ့ပါတယ်။

**ဗီဇာကင်းလွတ်ခွင့်နှင့် ဗျူရိုကရက်တစ်ယန္တရားကျော်လွှန်ရေး**

နှစ်နိုင်ငံအကြား ဇူလိုင် ၈ ရက်က စတင်ပြီး အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာကနေ ခရီးသွားလုပ်ငန်းနဲ့ အခြားကဏ္ဍများကိုပါ ပိုမိုဖွံ့ဖြိုးစေမှာဖြစ်ပါတယ်။ ဘယ်လာရုစ်သမ္မတက မြန်မာနိုင်ငံနဲ့ ဆွေးနွေးခဲ့တဲ့ သဘောတူညီချက်အားလုံး ဗျူရိုကရက်တစ်ယန္တရားကို ကျော်လွှန်ပြီး အမြန်ဆုံး အကောင်အထည်ဖော်ပေးမယ်လို့ အာမခံခဲ့ပါတယ်။

မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ စေတနာအမှန်နဲ့ တာဝန်သိတတ်မှုကို ဒီသတင်းစာရှင်းလင်းပွဲကနေတစ်ဆင့် ပီပီပြင်ပြင် ထင်ဟပ်ပြသနိုင်ခဲ့တာ ဖြစ်ပါတယ်။ နှစ်နိုင်ငံ ပြည်သူတွေကြား ဆက်သွယ်မှုတွေ ပိုမိုများပြားလာတာနဲ့အမျှ ဆက်ဆံရေးတွေလည်း ပိုမိုကောင်းမွန်လာမှာ မလွဲဧကန်ပါပဲ။

**သမ္မတကြီး၏ တုံ့ပြန်မိန့်ခွန်းနှင့် သံတမန် သမိုင်းကြောင်း**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဘယ်လာရုစ်သမ္မတကြီးရဲ့ ဖိတ်ကြားချက်အရ စတုတ္ထအကြိမ်မြောက် လာရောက်ရခြင်းဖြစ်ကြောင်း မီဒီယာများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါတယ်။ ပထဝီအနေအထားအရ အလှမ်းကွာဝေးပေမယ့် သံတမန်ဆက်ဆံထားတဲ့ ဆယ်စုနှစ် သုံးခု နီးပါးကာလအတွင်း အပြန်အလှန် လေးစားယုံကြည်မှုနဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

မကြာသေးမီ နှစ်များအတွင်းမှာ နှစ်နိုင်ငံဆက်ဆံရေးဟာ ပိုမိုပြီးအရှိန်အဟုန်နဲ့ တိုးတက်လာခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် မတ်လနဲ့ နိုဝင်ဘာလမှာ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လာရောက်ခဲ့ကြတာဟာ သမိုင်းဝင်အထွက်အထိပ်ကာလတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီလို အပြန်အလှန် ခရီးစဉ်တွေကနေတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးရဲ့ ခိုင်မာမှုကို ပိုမိုခေတ်မီဆန်းသစ်တဲ့ အဆင့်တစ်ခုဆီသို့ တွန်းတင်ပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

**လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများ**

ယခုခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ သဘောတူစာချုပ်နဲ့ နားလည်မှုစာချွန်လွှာ ကိုးခုကို အရှိန်အဟုန်နဲ့ ဆက်လက် အကောင်အထည်ဖော်သွားမယ်လို့ နိုင်ငံတော်သမ္မတက အလေးပေးပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဥပဒေပြုလွှတ်တော်တွေ ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက် အစိုးရအချင်းချင်းသာမက လွှတ်တော်အချင်းချင်းပါ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။

ကာကွယ်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေးနဲ့ သိပ္ပံနည်းပညာစတဲ့ ကဏ္ဍတွေမှာပါ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်သွားမှာဖြစ်ပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ စက်မှုနဲ့ အာကာသကဏ္ဍတွေမှာပါ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမယ့် နယ်ပယ်စုံကို ချဲ့ထွင်သွားမှာ ဖြစ်ပါတယ်။ ဇူလိုင်လက စတင်အသက်ဝင်ခဲ့တဲ့ ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ကလည်း ခရီးသွားကဏ္ဍနဲ့ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုကို ပိုမိုမြှင့်တင်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် တည်နေရာ**

မြန်မာနိုင်ငံဟာ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှကို ချိတ်ဆက်ထားတဲ့ ကုန်းမြေနယ်မြေပေါင်းကူးတံတားသဖွယ် တည်ရှိနေပါတယ်။ ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာနှစ်ခုကို ဆက်စပ်ပေးထားတဲ့အတွက် ပင်လယ်ရေကြောင်း ပို့ဆောင်ရေးမှာ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေတာ ဖြစ်ပါတယ်။

စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အားနဲ့အတူ ၁၂ လရာသီပတ်လုံး စိုက်ပျိုးမွေးမြူရေးလုပ်လို့ရတဲ့ ကောင်းမွန်တဲ့ ရာသီဥတုအခြေအနေကိုလည်း ပိုင်ဆိုင်ထားပါတယ်။ အဲဒီလို ရာသီဥတုနဲ့ သဘာဝအားသာချက်တွေကြောင့် ကမ္ဘာ့နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပါတယ်။

**ဘယ်လာရုစ်လုပ်ငန်းရှင်များကို ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခြင်း**

ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိနေတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်များကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ နိုင်ငံတော်သမ္မတက ထပ်မံဖိတ်ခေါ်ခဲ့ပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုစတဲ့ ကဏ္ဍတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံကြဖို့ အလေးအနက် တိုက်တွန်းခဲ့ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေး



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov တို့ မြန်မာသံရုံးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၁-၈-၂၀၂၆)

ဇုန်တွေအနက် စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်မြို့က သီလဝါအထူးစီးပွားရေးဇုန်မှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ကိုလည်း ဖိတ်ကြားခဲ့ပါတယ်။ ဘယ်လာရုစ်မိတ်ဆွေများနှင့်အတူ အနာဂတ်ကာလမှာ ဆက်လက်လက်တွဲဆောင်ရွက်သွားမယ့်ဆန္ဒကို သမ္မတကြီးက နိဂုံးချုပ်အနေနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

**ဘယ်လာရုစ် လွှတ်တော်ဥက္ကဋ္ဌများနှင့် သမိုင်းဝင် ပူးတွဲတွေ့ဆုံပွဲ**

မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်မှာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ ဘယ်လာရုစ် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နဲ့ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့ကို ပူးတွဲတွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဆိုပါ လွှတ်တော်အဆောက်အအုံဟာ ဥရောပဟန်နဲ့ တည်ဆောက်ထားပြီး ခမ်းနားထည်ဝါတဲ့နိုင်ငံရေးသင်္ကေတ တစ်ခုလည်းဖြစ်ပါတယ်။

**လွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ**

အစည်းအဝေးခန်းမအတွင်း ပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံဟာ ဘယ်လာရုစ်နိုင်ငံရဲ့ အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပါတယ်။

နိုင်ငံတကာမျက်နှာစာမှာ နှစ်နိုင်ငံအချင်းချင်း အပြန်အလှန် ကူညီထောက်ခံဆောင်ရွက်ပေးနေမှုကိုလည်း နှစ်ဖက်စလုံးက အသိအမှတ်ပြုခဲ့ကြပါတယ်။ ဘယ်လာရုစ်နိုင်ငံမှာ ရွေးကောက်ပွဲကျင်းပစဉ်က မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များ သွားရောက်ခဲ့ကြသလို မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကိုလည်း ဘယ်လာရုစ်က လာရောက်လေ့လာခဲ့ကြပါတယ်။

**ရွေးကောက်ပွဲအောင်မြင်မှုနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း**

မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ဘယ်လာရုစ်လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ထပ်လောင်းပြောကြားခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်ကြား ချစ်ကြည်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။

လွှတ်တော်နှစ်ရပ်ကြား အပြန်အလှန်လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမယ့် အခြေအနေများကိုလည်း အသေးစိတ်ညှိနှိုင်းခဲ့ကြပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်တွေမှာ အပြန်အလှန်အတွေ့အကြုံဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ သဘောတူခဲ့ကြပါတယ်။

**လူငယ်၊ အမျိုးသမီးရေးရာနှင့် အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှု**

နှစ်နိုင်ငံကြား အဖွဲ့အစည်းများ၊ လူငယ်လူရွယ်နဲ့ အမျိုးသမီးရေးရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမယ့် အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ လူမှုရေးအရ အပြန်အလှန်ထပ်တူကျတဲ့ ဆက်ဆံရေးတွေက လူငယ်ထုအချင်းချင်းကြားမှာပါ ပိုမိုနီးစပ်လာစေမှာ ဖြစ်ပါတယ်။ အမျိုးသမီးများအခန်းကဏ္ဍနဲ့ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာပါ အတွေ့အကြုံတွေကို ဖလှယ်သွားဖို့ သဘောတူခဲ့ကြပါတယ်။

**သံတမန်ရေးရာ မှတ်တိုင်သစ်တစ်ခု စိုက်ထူခြင်း**

မင့်စ်မြို့မှာ တရားဝင်ခရီးစဉ်ရောက်ရှိနေတဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်မှာ မင့်စ်မြို့ရှိ သံတမန်ခန်းမမှာကျင်းပတဲ့ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဆိုပါ သံရုံးဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများနဲ့ အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov နဲ့ ဝန်ကြီးများ တက်ရောက်ခဲ့ကြပါတယ်။

ဒ့ါပြင် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်မောင်စိုး၊ သံရုံးဝန်ထမ်းများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များလည်း စုံစုံလင်လင် တက်ရောက်ခဲ့ကြပါတယ်။ မြန်မာ့သမိုင်းမှာ အလွန်တရာအရေးပါတဲ့ သံတမန်ရေးရာ မှတ်တိုင်သစ်တစ်ခုကို ထပ်မံစိုက်ထူနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးဟာ မင့်စ်မြို့ရှိ သံတမန်ဇုန်မြေနေရာမှာ မြန်မာသံရုံး ဆောက်လုပ်နေမှု အခြေအနေများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ အခုလို သံရုံးသစ်ဆောက်လုပ်ပြီးစီးခြင်းအားဖြင့် နှစ်နိုင်ငံအကြား သံတမန်ရေးရာ၊ ကုန်သွယ်ရေးနဲ့ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အနှစ်ချုပ်ဆိုရရင် ဒီခရီးစဉ်ဟာ မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံရဲ့ သံတမန်သမိုင်းမှာ ရွှေရောင်စာမျက်နှာသစ်တစ်ခုကို အောင်မြင်စွာရေးထိုးနိုင်ခဲ့တဲ့ သမိုင်းဝင်ခရီးစဉ်ဖြစ်ပါကြောင်း ထပ်လောင်းတင်ပြလိုက်ရပါတယ်။

ရဲခေါင်

# နိုင်ငံတော်သမ္မတ၏ဇနီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများဆက်ကပ်လှူဒါန်း

**ယနေ့ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်း ၆၄ ကျောင်းတို့မှ သီလရှင် ၁၄၇၄ ပါးတို့အတွက် ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းငွေ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၆၂၇၃၄၀၀ ဖြစ်. . .**



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများမှ သီလရှင်များ ကြွရောက်ကြပြီး ဒုတိယသမ္မတ(၁)၏ ဇနီး ဒေါ်စမ်းစမ်းအေး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်များက သရဏဂုံ သုံးပါးပါဠိနှင့် မေတ္တာပို့လင်္ကာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ထို့နောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများက အလှူရှင်များအား မေတ္တာပို့လင်္ကာများရွတ်ဆို၍ ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဇနီးသည် ပုဗ္ဗသီရိမြို့နယ်ရှိ ပြင်ကြီး သာသနာ့ဝေပုလ္လ သီလရှင်စာသင်တိုက်မှ ဒေါ်နန္ဒမာနီနှင့် ချမ်းမြေ့ဂုဏ်ဝေသီလရှင်ကျောင်း အမရာဝတီပညာရေးစင်တာမှ ဒေါက်တာ ဒေါ်ဆေကဝတီတို့ထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ(၁)၏ ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ဇနီးများနှင့် တက်ရောက်လာကြသူများသည် သာသနာ့နွယ်ဝင် သီလရှင်ကြီးများ၊ သီလရှင် စာသင်တိုက်များနှင့် သီလရှင်ကျောင်းများမှ သီလရှင်များထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် အလှူဒါနမြတ်ဘာဂကို သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပြု၍ ကုသိုလ်ပြုအမျှပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်း ၆၄ ကျောင်းတို့မှ သီလရှင် ၁၄၇၄ ပါးတို့အတွက် ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းငွေ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၆၂၇၃၄၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ ပုဗ္ဗသီရိမြို့နယ်ရှိ ပြင်ကြီး သာသနာ့ဝေပုလ္လ သီလရှင်စာသင်တိုက်မှ ဒေါ်နန္ဒမာနီထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ(၁)၏ ဇနီး ဒေါ်စမ်းစမ်းအေး သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

☆ ကျောဖုံးမှအဆက်

တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်အချက်အပြုတ်ပညာရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စားဖွယ်စုံလင်ပြည်တစ်ခွင်" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာ အစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်၊ မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲကြီးတွင် အဖွင့်အမှာစကား ပြောကြားရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

နိုင်ငံတကာ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် အစားအသောက်နှင့်ပတ်သက်သည့် ခရီးသွားလုပ်ငန်းပုံစံများ ရေပန်းစားလာခြင်းနှင့်အတူ တိုင်းရင်းသားပေါင်းစုံတို့ စုစည်းနေထိုင်ကြသည့် မိမိတို့နိုင်ငံတွင်လည်း ဒေသအလိုက်၊ လူမျိုးအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုများရှိသကဲ့သို့ ထူးခြားပြီးဆွဲဆောင်မှုရှိသည့် အစားအစာပုံစံမျိုးစုံလည်း ရှိနေပါကြောင်း၊ ယင်းသည် ယနေ့နိုင်ငံတကာတွင် ခေတ်စားနေသည့် Gastronomy Tourism ကို မိမိတို့နိုင်ငံ၌ ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများ များစွာရှိနေသည်ဟု ဆိုနိုင်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲများ စီစဉ်ကျင်းပခြင်းသည် မြန်မာတို့၏ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်အပြင် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာကသိအောင် မြှင့်တင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အစီအစဉ်များကို လုပ်သင့်လုပ်ထိုက်သည့် နေရာများတွင် နှစ်စဉ်ကျင်းပနိုင်ရန် အစီအမံများ စနစ်တကျပြင်ဆင်ပြီး နောင်နှစ်များတွင် နိုင်ငံတကာခရီးသွားများကိုပါ ဖိတ်ခေါ်နိုင်သည်ထိ ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ မန္တလေးမြို့၌ ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့်ပြပွဲသည် ရန်ကုန်တွင်ပြုလုပ်ခဲ့သည့်ပွဲ၏ အောင်မြင်မှုကို ဆက်လက် အရှိန်အဟုန်မြှင့်တင်ပြီး အထက်မြန်မာဒေသ၏ ထူးခြားသည့် ရိုးရာ ဟင်းလျာများ၊ ဒေသထွက်ကုန်များနှင့် ခေတ်မီအချက်အပြုတ်ဖန်တီးမှုများကို ပိုမိုကျယ်ပြန့်စွာဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ကိန်းဝပ်တည်ရှိရာ မြန်မာ့အနုပညာနှင့် လက်မှုပညာတို့၏ဗဟိုချက်မဖြစ်သည့် ယဉ်ကျေးမှုမြို့တော် မန္တလေး၌ ဒုတိယအကြိမ်အဖြစ် ဆက်လက်ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် စီစဉ်ဆောင်ရွက်သည့် ဝန်ကြီးဌာနနှင့်အတူ ပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါကြောင်း။

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်စားဖိုမှူးများ၊ အချက်အပြုတ်ဝါသနာရှင်များနှင့် အသေးစားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ရိုးရာအစားအစာများကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပါဝင်ဆောင်ရွက်ပေးသည့်အတွက် အထူးပင်ချီးကျူးဂုဏ်ပြုပါကြောင်း၊ မြန်မာ့ရိုးရာအစားအစာများကို အနုပညာမြောက်စွာဖြင့် အရသာရှိရှိ တီထွင်ဆန်းသစ်ချက်ပြုတ်ခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာယဉ်ကျေးမှုကို ကမ္ဘာကသိအောင်မီးမောင်းထိုးပြနိုင်မည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်သည့်အခါတွင် မူလရိုးရာအရသာမပျောက်ပျက်စေရေး၊ ခေတ်မီဆန်းသစ်သည့် ပြသပြင်ဆင်မှုရှိစေရေး၊ သန့်ရှင်းလတ်ဆတ်မှုနှင့် ကျန်းမာရေးနှင့်ညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အကဲဖြတ်ဒိုင်လူကြီးများအနေဖြင့်လည်း စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ မျှမျှတတအကဲဖြတ်အမှတ်ပေးကြပြီး ဆုရရှိသင့်ရရှိထိုက်သည့် လက်ရာကောင်းများကို ရွေးချယ်ပေးကြရန် မှာကြားလိုကြောင်း၊ ပထမအကြိမ် ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သလို ယခုဒုတိယအကြိမ် မန္တလေးမြို့၌ ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့်ပြပွဲကနေတစ်ဆင့် အထက်မြန်မာပြည်၏ ကြွယ်ဝလှသည့် ရိုးရာအစားအစာများ ပိုမိုထင်ရှားပေါ်လွင်လာပြီး မြန်မာ့ခရီးသွားလုပ်ငန်းနှင့်ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အဓိကအထောက်အကူပြုနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ (မန္တလေး) အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက အခမ်းအနားဖြစ်မြောက်အောင် Main Sponsor နှင့် Gold Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက Sliver Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက Bronze Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က Supporting Partner အဖြစ်ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတထံ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (မန္တလေး) အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲတွင် ဆုရရှိကြသည့် စားသောက်ဆိုင်များနှင့်ဟိုတယ်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် အခမ်းအနားသည် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကိုပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်အောင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်အဖြစ်ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ဩဂုတ် ၂၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အစားအသောက်လုပ်ငန်းနယ်ပယ်မှ ဝါရင့်လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကို မျှဝေပေးမည့်စကားဝိုင်းဆွေးနွေးပွဲများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် ပြိုင်ပွဲဝင်အဖွဲ့ ၁၁ ဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြခန်းပေါင်း ၁၄၁ ခန်း ပြသရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ဖလမ်း ဩဂုတ် ၂၂

ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများစုပေါင်း၍ ကလေး-ဖလမ်း-ဟားခါးလမ်းမကြီး၊ ဖလမ်းမြို့တွင်းလမ်းပိုင်း၊ ဗိုလ်ချုပ်လမ်းမ တစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းတို့ကို ယနေ့တွင် ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသူများကို မုန့်နှင့်အချိုရည်များ ပေးအပ်ကြသည်။

အလားတူ တီးတိန်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌသည် တီးတိန်မြို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များပါဝင်သည့် စုပေါင်းလုပ်အားပေးအဖွဲ့က လွယ်ဘွာလ် ရပ်ကွက် ကမ်းဟောက်လမ်းမကြီးနှင့် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်း ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ တွန်းဇံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌသည် တွန်းဇံမြို့ သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ခေါဝုန်ရပ်ကွက်နှင့် လေးဆန်ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြိမ် ၂၀ မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ


အကြိမ် ၂၀ မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး(20th ASEAN Navy Chiefs' Meeting– 20th ANCM)ကျင်းပစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း အကြိမ် ၂၀ မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး(20th ASEAN Navy Chiefs' Meeting– 20th ANCM)သို့ တက်ရောက်လာကြသူများနှင့် စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၂**

ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အကြိမ် ၂၀ မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး(20th ASEAN Navy Chiefs' Meeting–20th ANCM)သို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်အကြိမ် ၂၀မြောက်အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး တက်ရောက်ခြင်း၊ အာဆီယံရေတပ်ဦးစီးချုပ်များကို သီးခြားစီတွေ့ဆုံခြင်းနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အကြိမ် ၂၀ မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး(20th ASEAN Navy Chiefs' Meeting – 20th ANCM) ကို ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တက်ရောက်သည်။ ဦးစွာ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Adul Boonthum–jaroen က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ယခင်နှစ် ၁၉ ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးမှတ်တမ်းကို အတည်ပြုသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲအတွင်းဝန်က ဒေသတွင်း ပင်လယ်ရေကြောင်းလုံခြုံရေး အခြေအနေများကို အကျဉ်းချုပ် တင်ပြဆွေးနွေးသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံရေတပ်ဦးစီးချုပ်များက အာဆီယံတစ်ရပ်၊ ရေကြောင်းမျှော်မှန်းချက်အမြင်တစ်ခုတည်းဖြင့် အာဆီယံဒေသတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ ကြွယ်ဝဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတပ်များအချင်းချင်းပူးပေါင်းဆောင်ရွက်မှု (One ASEAN, One Maritime Vision: Naval Cooperation for Maritime Prosperity and Sustainability in ASEAN) ခေါင်းစဉ်ကို နိုင်ငံအလိုက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက ပင်လယ်ရေကြောင်းဆိုင်ရာ ကြွယ်ဝဖွံ့ဖြိုးတိုးတက်မှုနှင့်အပြာရောင်စီးပွားရေး၊ ရေကြောင်းပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စိန်ခေါ်မှုများအား ရေတပ်ချင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ရင်ဆိုင်ခြင်းများကို ဆွေးနွေးခဲ့သည်။ ယင်းနောက် သတင်းအချက်အလက်မျှဝေခြင်း၊ဆွေးနွေးဖလှယ်ခြင်းအစီအစဉ်များနှင့် အနာဂတ်တွင်ဆောင်ရွက်မည့် ANCM အစီအစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် သဘာပတိ ထိုင်းရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ အစည်းအဝေးအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ထိုင်းရေတပ်ဦးစီးချုပ်နှင့် ဗီယက်နမ်ရေတပ်ဦးစီးချုပ်တို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိနေသော အာဆီယံရေတပ်ဦးစီးချုပ်များနှင့်အဖွဲ့သည် ဩဂုတ် ၂၀ ရက်တွင် Rattanakosin Exhibition Hall ၌ လှည့်လည်ကြည့်ရှုခြင်းများ ပြုလုပ်ခဲ့ပြီး ညပိုင်းတွင် ထိုင်းရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကိုတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁) ရပ်ကွက် ဓမ္မပါလဓမ္မာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၂၄ ဦး တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ဧဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဧဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဧဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် (Geobags)သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဧဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(မဝ၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ လာရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရှု၍ စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ခေတ်အေး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် ပြကွက်များကိုကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးခရီးစဉ် စီစဉ်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများသည် နိုင်ငံတော်နှင့် တပ်မတော်၏ သမိုင်းကြောင်းများကို မှန်ကန်စွာသိရှိနားလည်စေခြင်း၊ တပ်မတော်အကြီးအကဲများ၏ တပ်မတော်နှင့် နိုင်ငံတော်အပေါ်ထားရှိသော စေတနာနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ရည်မှန်းချက်များကို သိရှိစေခြင်း၊ တပ်မတော်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ တည်ဆောက်မှုများနှင့် တီထွင်ဆန်းသစ်မှုများကို လေ့လာခွင့်ရရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာပြီး အားကျအတုယူလိုစိတ်များဖြစ်ပေါ်လာစေခြင်း၊ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနားလည်မှု စွမ်းရည်တိုးတက်





လာပြီး ပတ်ဝန်းကျင်ရှုခင်းများကြည့်ရှုရင်း စိတ်ကြည်လင် လန်းဆန်းမှုရရှိစေပြီး သင်ကြားမှု၊ သင်ယူမှုများပိုမိုအားကောင်းလာစေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်သည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်–

“ကျွန်တော် ပထမဦးဆုံး ဒီစစ်သမိုင်းပြတိုက်ကို ရောက်တော့ ဒီကတာဝန်ရှိသူတစ်ဦးက စစ်သမိုင်းပြတိုက်ဖြစ်ပေါ်လာတဲ့အကြောင်းတွေ ရှင်းပြတယ်။ ရှင်းပြပြီးတော့ စစ်သမိုင်းပြတိုက်သမိုင်းနဲ့ပတ်သက်တဲ့ ဗီဒီယိုကိုပြသပေးခဲ့ပါတယ်။ ကျွန်တော်တို့အရှေ့ပိုင်းမှာ ဆေးဘက်ဆိုင်ရာတွေလေ့လာခဲ့တယ်။ စက်မှုနဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာတွေလဲ အများကြီး လေ့လာခဲ့တယ်။ ကျွန်တော်တို့က စစ်သမိုင်းပြတိုက်ကို အခုမှရောက်ဖူးတာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံသမိုင်းကြောင်းတွေသိရတဲ့အပြင် ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ခဲ့တဲ့ လူကြီးတွေကိုလဲ သေသေချာချာသိခဲ့ရတယ်။ အခုလို လာရောက် လေ့လာခွင့်ရတဲ့အတွက် ကျွန်တော်တို့ ကျောင်းသား၊ကျောင်းသူတွေအတွက် အသိပညာဗဟုသုတတွေ အများကြီးတိုးပွားအောင် ယခုလိုလိုက်ပါပို့ဆောင်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်”ဟု ပြောသည်။

“အခုလိုမျိုး စစ်သမိုင်းပြတိုက်ကို နိုင်ငံတော်အကြီးအကဲတွေရဲ့ အစီအစဉ်နဲ့ လာရောက်လေ့လာရတဲ့အခါမှာ မြန်မာနိုင်ငံတော်ကို အုပ်ချုပ်သွားတဲ့သူတွေရဲ့ အတ္ထုပ္ပတ္တိတွေရယ်၊ သူရဲကောင်းတွေရဲ့ အတ္ထုပ္ပတ္တိတွေရယ်၊ လေယာဉ်အကြောင်းတွေ စသဖြင့်သိရှိခဲ့ရပါတယ်။ တော်တော်လဲ လေ့လာပြီးတော့ သိရှိခဲ့ရပါတယ်။ ဗဟုသုတတွေလဲ တော်တော်များများ ရရှိခဲ့ရပါတယ်။ အဲ့ဒါကြောင့် နိုင်ငံတော်ရဲ့ အကြီးအကဲတွေကိုလဲ သမီးတို့ရဲ့ ကျောင်းသား၊ ကျောင်းသူတွေ အကုန်လုံးက ကျေးဇူးအထူး တင်ရှိပါတယ်”ဟု ပြောသည်။

(မဝ၁)

# နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရကဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅ ။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇ ။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂ ။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၂

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများ၊ သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့အပါအဝင် မြို့နယ် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အပါအဝင် မြို့နယ် လေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၆ ခုနှစ် ဩဂုတ် ၂၂ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**■ နေရာကွက်၍ မိုးကြီးနိုင်မှု**

ယနေ့နံနက်မှ ဩဂုတ် ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်၊ မြစ်ဝကျွန်းပေါ်၊ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**❖ အားကစားပြိုင်ပွဲများမှ**

ရိုးရာအားကစားနည်းဖြစ်သည့် လွန်ဆွဲပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သက်ဆိုင်ရာပြိုင်ပွဲအလိုက် ဆုရရှိခဲ့ကြသူများ၊ အာဆီယံနှင့် စပ်လျဉ်းသည့် ဉာဏ်စမ်းမေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး ၃၄ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် Gold Camp မှ မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးကာ လေ့ကျင့်မှုတွင် ရမှတ်အများဆုံးရရှိသည့် Recurve နှင့် Compound အားကစားသမား နှစ်ဦးကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

(၂၂-၈-၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက် ပညာလည်ပေး ဗဟုသုတလည်ရ ဟာသလည်ပါ၊ ဉာဏ်ရည်လည်တိုးမဲ့
- မျက်နှာဖုံးတွင် ကာတွန်းစိုးပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကြယ်ကြယ်၊ ကာတွန်းရွှေကြိုးကြာနှင့် ကာတွန်းပေါ်လွင်ကျော်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ ရဲဘော်မြသိန်း(ဟိုပုံး)၊ ချစ်စုအောင်၊ ဓာနည်၊ ကန့်ဘလူခင်မောင်ဆွေနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၁၈-၈-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၃၁)ထွက်ပြီ။
အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေးစစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားလေးဦးကိုထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၂ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ဦးရေ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၄၄ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၂၀ တို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။




ပြည်ပနိုင်ငံသား လေးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀ တန်ဖိုးနှင့် မူဆယ်မြို့တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



ဇေယျာလင်း ခေါ် စိုင်းလုံ၊ သန့်ဇင်ဦး ခေါ် အငယ်ကောင်တို့ကို ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၂၂**

ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀ တန်ဖိုးနှင့် မူဆယ်မြို့တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိတရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် ည ၆ နာရီခွဲတွင် သတင်းအရ ပြင်ဦးလွင်မြို့နယ် ပင်လိန်(အရှေ့)ကျေးရွာအနီးတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇) ရွာသစ်ကလေးနေ သန့်ဇင်ဦး ခေါ် အငယ်ကောင် မောင်းနှင်လာသော JIALING SUPER CUB အမျိုးအစား ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၁၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၃၂၀) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိစိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ပြင်ဦးလွင်မြို့နယ် ညောင်ပင်သာရွာနေ ဇေယျာလင်း ခေါ် စိုင်းလုံ ၃၉ နှစ်ကို ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ညောင်ပင်သာရွာအနီးတွင် ZONSEN CYCLONE အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိသဖြင့် သန့်ဇင်ဦး ခေါ် အငယ်ကောင်၊ ဇေယျာလင်း ခေါ် စိုင်းလုံတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မြို့ရှောင်လမ်းတွင် ကွတ်ခိုင်မြို့နယ် ရှောက်ဟော်ကျေးရွာနေ မင်းရှုကိုင်း ၃၂ နှစ် မောင်းနှင်လာသော TOYOTA MARK II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၈၀) ဖမ်းဆီးရမိသဖြင့် မင်းရှုကိုင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မင်းရှုကိုင်းကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသောCRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၀ ရက်တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "သူရိယနေမင်း" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ သန်းစိုးဦး ခေါ် နေမင်းကို ညနေ ၅ နာရီ ၁၀ မိနစ်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ထိုနေ့က ဈေးတက်သည်

မစန္ဒာ



ဩဂုတ် ၁၇ ရက်မှအဆက်

"တော်ပါပြီ၊ မတွေးတော့ဘူး"

မအေးမိသည် ပြန်အမ်းငွေကို လှမ်းယူရင်း နေရာမှ ထသည်။ ဘယ်သွားရလျှင် ကောင်းလေမည်နည်း။ ကားမှတ်တိုင်တွင်ပင် ကားစောင့်သလိုလို ဘာလိုလိုနှင့် ယောင်လည်လည်လုပ်နေရမလား မသိ။ ဒါမှမဟုတ် မိန်းမလျှာ အင်ဂျလီနာ၏ ဆံပင်ညှပ်ဆိုင်တွင် သွားထိုင်ရလေလျှင် ကောင်းမလား။ သူ့ဆိုင်တွင် ဆံပင်ပုံသွင်းရန်၊ ညှပ်ရန်၊ ဆိုးရန် လာသူများက မိန်းကလေးထက် ယောက်ျားလေး ပိုများသည်။ ထို့ကြောင့် အလုပ်ဖြစ်လွယ်သည်။ သို့သော်လည်း အင်ဂျလီနာက သူ့ဆိုင်တွင် အလုပ်ဖြစ်လျှင် သူ့ကို အကောက်ပေးရမည်ဟုဆိုပြီး တောင်းလေ့ရှိသည်။

သူ့နာမည်အရင်းကို ဘာမှန်းမသိရ၊ သူကတော့ ဟောလိဝုဒ်မှ မင်းသမီး အင်ဂျလီနာဂျိုလီကို ကြိုက်လွန်း၍ ထိုအမည်ကို ယူသည်ဟု ပြောသည်။ ယောက်ျားလေးများကတော့ "ဟောလိဝုဒ်မင်းသမီးက အင်ဂျလီနာဂျိုးမရှိ"၊ သူကတော့ "အင်ဂျလီနာဂျိုးရှိ"ဟု ပြောကာ ရယ်တတ်ကြသည်။

မိန်းမလျှာဟုဆိုသော်လည်း အင်ဂျလီနာက မိန်းမအစစ်နှင့် အတော်တူလေသည်။ ပြုပြင်ထားသည်လားတော့မသိ။ သူ့လည်ပင်းတွင် ယောက်ျားအတော်များများလို စလုတ်မရှိပေ။ အသံကျတော့လည်း မိန်းမသံမဟုတ်သော်လည်း ယောက်ျားသံသြသြကြီးလည်း မဟုတ်ပေ။

"ငါတော့ အင်ဂျလီနာဆိုင်မှာ သွားထိုင်တော့မယ်"

"ဒါဆို ငါလဲ လိုက်မယ်"

သင်းမြက လိုက်လာပြန်သည်။

"နင်...ဒီနေ့ ဘာဖြစ်နေတာလဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်ပါလား"

"ဘာမှ မလုပ်ချင်လို့ဟ၊ စိတ်လေတယ်"

သင်းမြ တစ်ခုခုဖြစ်နေတာ သေချာသည်။ သို့သော်လည်း မအေးမိ မေးချင်စိတ်မရှိပေ။ ကိုယ့်မှာက ကိုယ့်အတွက် ပူစရာ၊ မိသားစုအတွက် ပူစရာ အပြည့်ရှိသည်။ သူများ၏ အပူကို တကူးတကမေးပြီး အပူအကူးစက်မခံချင်။ တစ်ကိုယ်ကောင်းဆန်သည်ဟု ပြောလျှင်လည်း ခံလိုက်မည်။

သူကိုယ်တိုင်ပင် တစ်ခါတလေ လေတေတေ ဖြစ်နေတတ်သည်။ ကိုယ့်ဘဝကိုယ် တွေးပြီး မျက်ရည်ကျချင်၊ ငိုချင်သည်။ သို့ပါသော်လည်း ငွေစကလေးများမြင်လျှင် ကျတော့မည့် မျက်ရည်က ပြန်ဝင်သွားသည်။ "ညနေကျရင် အိမ်လခပေးနိုင်ပြီ။ အာပြဲမကြီး လာဆဲတာမခံရတော့ဘူး။ သမီးလေးက ခဲတံဘူးလိုချင်တယ်တဲ့။ သားရဲ့ ဖိနပ်ကလေးလဲ ပြတ်တော့မယ်။ အမေ့အတွက်တော့ နွားနို့လေး ဝယ်သွားအုံးမှ" စသည်ဖြင့် တွေးရင်း နေသာထိုင်သာ ရှိသွားတတ်သည်။

"အင်ဂျလီနာက လူ့လောကဟာ ဈေးရောင်းပွဲတော်ကြီးပဲတဲ့။ အဲဒီအခြောက်မက ပြောလဲ ပြောတတ်တယ်"

သင်းမြက ပြောတော့ မအေးမိလည်း အင်ဂျလီနာပြောသည်ကို ပြန်သတိရသည်။

"ငွေရှိရင် ငွေကိုရင်းပြီး ပစ္စည်းအမျိုးမျိုးရောင်း၊ ပညာရှိရင် ပညာကိုရောင်းပြီး ပိုက်ဆံရှာ၊ ဘာမှ မရှိရင်တော့ လုပ်အားကိုရောင်းပြီး ထမင်းစားရအောင်လုပ်"

"ပညာရှွေအိုး လူမခိုးဘူးဆို ဘယ်လိုလုပ်ရောင်းမှာလဲ"

မအေးမိက တတ်သလောက်၊ မှတ်သလောက်နှင့် အတွန့်တက်မိသေးသည်။

"ခိုးလို့သာမရတာ၊ ရောင်းလို့ရတာပေါ့ အေးမိစံရယ်။ ဆရာဝန်ဆေးခန်းထိုင်တာ၊ ဆေးကုတတ်တဲ့ပညာကို ရောင်းတာပဲ။ အင်ဂျင်နီယာ တိုက်ဆောက်တာလဲ တိုက်ဆောက်တတ်တဲ့ပညာကို ရောင်းတာပဲ မဟုတ်လား။ စက်ချုပ်ဆိုင်ကလဲ စက်ချုပ်တဲ့ ပညာရောင်းတာပဲ။ ထမင်းဆိုင်ကလဲ ချက်တတ်၊ ပြုတ်တတ်တဲ့ပညာကို ရောင်းတာပဲလေ။ ငါလဲ ငါ့ရဲ့ ဆံပင်အလှပြုပြင်တတ်တဲ့ပညာကို ရောင်းတာပဲ မဟုတ်လား။ တစ်ခုပဲရှိတယ်၊ ကိုယ်ရဲ့ထုတ်ကုန်က အမျိုးအစားကောင်းရမယ်။ ဒါမှ ဈေးရမှာ"

အင်ဂျလီနာက ရိုးရိုးပြောခြင်းဖြစ်သော်လည်း မအေးမိခမျာမှာတော့ "အဲဒီ ဈေးရောင်းပွဲတော်ကြီးမှာ ငါက ဘာရောင်းနေရတာပါလိမ့်"ဟု တွေးမိပြီး တော်တော်လေး နေရခက်သွားလေသည်။

ခုနတုန်းက စိတ်ညစ်နေဟန်ရှိသော သင်းမြသည် ယခုတော့လည်း နှုတ်ခမ်းလှလှလေးကို တွန့်ကာ ပြုံးရယ်နေပြန်သည်။ အပြုံး အတုလား၊ အစစ်လားတော့ မအေးမိ မဝေခွဲတတ်။

"ငါတို့ရောင်းတဲ့ ကုန်ပစ္စည်းက အညံ့ကြီး မဟုတ်ပါဘူးဟယ်။ အသစ်မဟုတ်ပေမဲ့ အလတ်ကြီး ရှိပါသေးတယ်"

"နင်ကလဲဟယ် ပြောပဲပြောတတ်တယ်"

ရင်ထဲတွင် မကောင်းသော်လည်း မအေးမိ ရယ်မိသည်။ ရယ်တာက ငိုတာထက် ပို၍ကောင်းသည်ကတော့ အမှန်ပင်။ ဘိုကလေးဈေးရုံရှေ့ ပလက်ဖောင်းပေါ်တွင် ချရောင်းနေသော သား၊ ငါး သည် အနည်းငယ်ကို တွေ့ရသည်။ မသေမရှင် ငါးခူများက တဖျပ်ဖျပ်ခုန်နေသည်။ ခေါင်းကျိုးနေသော ချောင်းသာပုစွန်များကတော့ စိတ်ဝင်စားဖွယ် မကောင်းလှ။

"အသားစားကြက်တွေ၊ ခြေထောက်၊ ခေါင်းမပါ တစ်ပိဿာမှ လေးထောင်တည်း၊ အစ်မလေးတို့ ဝယ်သွားကြပါအုံး။ အပြီးသတ်လေး လျှော့ပေါ့ပြီး ချိန်ပေးလိုက်မယ်"

မအေးမိကတော့ ခေါင်းခါပြလိုက်သည်။ လှိုင်သာယာဈေးမှာ ပိုပေါမည်မို့ အပြန်ကျမှ ဈေးပေါင်ကျိုးချိန်တွင် ဝင်ပြီး ဝယ်တော့မည်။

"တော်တော်များများ စားနေကြပြီပဲ။ ဘာမှ မဖြစ်ပါဘူးထင်ပါရဲ့။ လှိုင်သာယာဈေးမှာ၊ ပေါင်တွေချည်းပဲ သက်သက်ရောင်းတာရှိတယ်။ ကလေးတွေကို တဝကြီးကြော်ကျွေးလိုက်အုံးမယ်။ ဒါပေမဲ့ ဆီမှ ရှိရဲ့လား။ အို...ဆီလဲ ဝယ်သွားမှာပေါ့။ ဒီကပြန်ရင် ပိုက်ဆံပါပြီပဲဟာ။ ဒါပေမဲ့ ခက်တာက အခုထိ အလုပ်ကမဖြစ်သေး"

မအေးမိက ရောက်တတ်ရာရာတွေးသည်။ ဘေးမှ သင်းမြက စကားတွေပြောနေသော်လည်း သူ့နားထဲသို့ မရောက်။ သူ့အတွေးအာရုံသည် သားနှင့် သမီးတို့ထံတွင်သာ ဝဲလှည့်သွားနေသည်။ သားရော၊ သမီးရော ငယ်သေးသည်။ သူအကြာကြီး ရှန်းကန်ရဦးမည်၊ ကလေးတွေ သိတတ်သောအရွယ် ရောက်လာလျှင်တော့ ဒီအလုပ်ကို ဖြတ်မှဖြစ်မည်။ သူ့ကြောင့်ကလေးများကို အရှက်မရစေချင်။ ဒီကြားထဲ အရင်းအနှီးကလေးရအောင် စုရမည်။

"ဟဲ့...အေးမိ"

သင်းမြက သူ့ကိုလက်ကုတ်သည်။ သူတို့ကို အကဲခတ်ရင်း လူနှစ်ဦးလျှောက်လာနေသည်။

သင်းမြ ပြောသည်မှာ မှန်သားပင်။ ကုန်ပစ္စည်းက အမျိုးအစားမညံ့တော့ ဝယ်ချင်သူရောက်လာပေပြီ။ အင်ဂျလီနာ၏ဆိုင်သို့ မသွားရတော့သည့်အတွက် သူတို့နှစ်ဦးစလုံး အတန်ငယ်စိတ်လက်ပေါ့ပါးသွားသည်ကတော့ အမှန်ပင်။

ကုန်ပစ္စည်းက အမျိုးအစားမညံ့သော်လည်း ဝယ်သူကတော့ အမျိုးအစားမကောင်းလှ။ ချွေးစော်နံလှသည်။ အရက်လည်း သောက်ထားပုံရသည်။ သူ့ချိုင်းကြားတွင် ညှပ်ထားသော ပိုက်ဆံအိတ်ကြီး ဖောင်းနေသည်မှအပ စိတ်သက်သာစရာ မရှိလှ။

"ဟင်... ရှင်... ရှင် ချောင်းဆိုးနေတာလား"

ချောင်းတဟွတ်ဟွတ်ဆိုးနေသည်ကို အခန်းထဲရောက်မှ သိရသည်။ မအေးမိ လန့်သွားသည်။ "နှာစေး၊ ချောင်းဆိုးက စတာပဲ" ဟူသော စကားကို တွင်တွင်ကြားနေရသည်မဟုတ်လား။

"ချောင်းဆိုးတာ...ဘာ...ဖြစ်...လဲဟ ဟမ်... ဟပ် ... ဟပ်...ဟပ်ချိုး"

"သွားပါပြီ"

မအေးမိ ယောင်ယမ်းပြီး အသက်အောင့်ထားလိုက်မိသည်။ နှာချေလျှင် ဆယ်ပေပတ်လည် အတွင်း၌ ရောဂါပိုးပြန့်သွားတတ်သည်ဟု အင်ဂျလီနာပြောဖူးသည်။ သူတို့အခန်းလေးကလည်း ဆယ်ပေပတ်လည်ပင် ရှိရဲ့လားမသိရချေ။

"ရှင်...ချောင်းဆိုးတာ ကြာပြီလားဟင်။ ဖျားရော ဖျားနေသေးလား"

"ဘာလို့ဖျားရမှာလဲဟ... ဟောဒီမှာစမ်းကြည့်"

ထိုသူက မအေးမိလက်ကို ဆတ်ခနဲလှမ်းဆွဲပြီး သူ့နဖူးကို စမ်းခိုင်းသည်။ ချွေးစေးတွေပြန်နေသော်လည်း အဖျားသွေးတော့ ရှိပုံမရ။

မအေးမိက ချွေးစေးတွေ စိုသွားသောလက်ကို ထဘီနှင့် အသာပွတ်လိုက်သည်။ သူက ကျန်းမာရေးအသိအတော်အတန်ရှိသည်။ တစ်ဖက်လူက အကာအကွယ်ပစ္စည်း မသုံးလျှင်လည်း ဘယ်တော့မှ လက်မခံခဲ့။ သူ့အသက်က မိသားစုအတွက် အရေးကြီးသည်ကို အမြဲသတိရှိနေတတ်သည်။ ဘာရောဂါကိုမှ အကူးအစက်မခံနိုင်။

"ချောင်းဆိုးနေရင် မကောင်းဘူး"

"ဘာမကောင်းတာလဲ"

"ကြက်...တုပ်...ကွေး"

"ဘာကြက်တုပ်ကွေးလဲ၊ ငါနေမကောင်းရင် နင့်ဆီ လာနိုင်မလား၊ ဟောဒီမှာ ဒေါင်ဒေါင်ကို မြည်လို့"

မအေးမိ မျက်နှာလွှဲလိုက်သည်။ ထိုလူက ချွေးစော်နံရုံ၊ အရက်စော်နံရုံတင်မက ရိုင်းလည်း ရိုင်းလေသည်။

"ကြက်...တုပ်...ကွေး"

မအေးမိက ပြောမိပြောရာ ထပ်ပြောသည်။

"လာပြန်ပြီလား၊ ကြက်... တုပ်... ကွေး... သေလိုက်စမ်း"

မအေးမိက မျက်လုံးလေးအပြူးသားနှင့် နံရံတွင် ကပ်နေသည်၊ ဒီလိုအချိန်ကျမှ ဒီလိုနေရာက ထွက်ပြေးလို့တော့မရနိုင်။ အားငယ်ကြောက်ရွံ့နေပုံလေးက ပို၍ပင် စွဲမက်ဖွယ်ကောင်းနေလားမသိရ၊ ထိုသူက သဘောကျစွာရယ်သည်။

"လာစမ်းပါဟာ။ ငါ နှစ်ဆပေးပါ့မယ်"

ခပ်ထွေထွေဖြစ်နေသော ထိုသူက မအေးမိနားသို့ တိုးကပ်လာသည်။ ထို့နောက် လက်နှစ်ဖက်နှင့် သိမ်းဖက်လိုက်သည်။ အရက်နံ့နှင့် ချွေးနံ့က စူးရှလှသည်။

မအေးမိ အသက်အောင့်ပြီး မျက်စိမှိတ်ထားလိုက်မိသည်။ စိတ်အာရုံထဲတွင်တော့ ပွက်ပွက်ဆူနေသော ဆီဒယ်အိုးထဲမှ ကြက်သားကြော် နီနီရဲရဲများကို မြင်နေမိလေသည်။

"နောက်တစ်တုံးစားလို့ ရသေးလား အမေ"

"စား...စား၊ နှစ်တုံးစီ ထပ်စား၊ မနက်ဖြန်ကျရင်လဲ အမေထပ်ဝယ်ပြီး ကြော်ပေးအုံးမယ်"

သားနှင့် သမီးက ခေါင်းမဖော်နိုင်။ မအေးမိကတော့ သူတို့ကို ကြည့်ရင်း အလိုလိုဗိုက်ဝနေသည်။

စာမျက်နှာ ၂၈ သို့ á

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မုံရွာ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၄၁၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲ ဧက ၁၄၁၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်မြို့နယ်တွင် ခရမ်းချဉ်သီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ခရမ်းချဉ်သီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ပုသိမ်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဩဂုတ်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ခရမ်းချဉ်သီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ခရမ်းချဉ်းသီးများ တစ်ရက်လျှင် ပိဿာချိန် ၅၅၀၀ မှ ၇၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ပုသိမ်မြို့နယ် ကုန်စိမ်းဈေးကွက်ထဲမှာ ခရမ်းချဉ်သီးတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ လတ်လတ်ဆတ်ဆတ်ရှိတဲ့ အသီးတွေ ပိုအရောင်းသွက်နေပါတယ်။ ဒေသကုန်စိမ်းဈေးကွက်မှာကို ဝယ်လက်တွေ အဝယ်များနေပါတယ်။ အရောင်းအဝယ်လုပ်နေတဲ့ ခရမ်းချဉ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အခုလို ခရမ်းချဉ်သီးတွေ အရောင်းအဝယ်ကောင်းလာတော့ ခရမ်းချဉ်စိုက်သူတွေ အဆင်ပြေလာပါတယ်"ဟု ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။



ပုသိမ်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းချဉ်သီး တစ်ပိဿာလျှင် အရွယ်အစားနှင့် လတ်ဆတ်မှုပေါ် မူတည်ပြီး ငွေကျပ် ၄၀၀၀ မှ ၆၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

á စာမျက်နှာ ၂၇ မှအဆက်

"ဈေးပေါင်ကျိုးမလို့ ထိုးရောင်းသွားတာ၊ တစ်ပိဿာကို နှစ်ထောင့်ငါးရာနဲ့ ရလိုက်တာ အမေရဲ့။ ကျွန်မလဲ အကုန်ယူလိုက်တာ။ တစ်ပိဿာမှာ တစ်ဆယ်သားစွန်းသေးတယ်။ ဒါပေမဲ့ တစ်ပိဿာဖိုးပဲ ယူသွားတယ်"

"ဒီလိုဆိုတော့လဲ ကြက်တုပ်ကွေးဖြစ်တာ ခပ်ကောင်းကောင်းလို့ ပြောရမလိုဖြစ်နေပြီ"

အမေက ရယ်ဟဟနှင့် ဆိုသည်။ ကြက်သားမျှင်လေးများကို ဖဲ့ပြီး တမြုံ့မြုံ့ဝါးနေသည်။

"နက်ဖြန်ကျရင် ထမင်းဘူးထည့်ပေးလိုက်နော် အမေ၊ ကြက်သားကြော်နဲ့"

"အေးပါကွယ်၊ စိတ်ကြိုက်ထည့်ပေးလိုက်ပါ့မယ်"

မအေးမိက သဘောတွေကောင်းနေသည်။ သူတို့မြေးအဘွားတစ်တွေ စားသောက်နေပုံကိုကြည့်ပြီး စိတ်ချမ်းသာလှသည်။ ဒီလိုပင် အမြဲတမ်း လောက်လောက်ငငလေးဖြစ်ကာ ကျွေးနိုင်မွေးနိုင်နေလျှင် မည်မျှကောင်းလေမည်နည်း။

"ကြက်ဈေးကတော့ မကြုံဖူးအောင်ကို ကျနေတာပဲ"

အမေကပြောတော့ မအေးမိ ငေးသွားသည်။ ချဉ်စုပ်စုပ်ချွေးနံ့နှင့် ရောနေသောအရက်နံ့က စူးစူးရှရှနှင့် မွန်းကျပ်လှသည်ကို ပြန်တွေးမိသည်နှင့်ပင် ခေါင်းထဲ၌ မူးနောက်နောက်ဖြစ်လာသည်။ စိတ်ဆင်းရဲပင်ပန်းရသော အချိန်တစ်ချိန်ကို သူမနည်းဖြတ်ကျော်ခဲ့ရသည်ကို တွေးပြီး မျက်လုံးအိမ်ထဲတွင် မျက်ရည်များစိမ့်အိုင်လာသည်။

"အမြဲတမ်း ဒီလိုပဲဈေးကျနေရင် ဘယ်လောက်ကောင်းလိုက်မလဲ"

အမေက ထပ်ပြောပြန်သည်။ မအေးမိက မျက်ရည်များကို မျက်တောင်တဖျပ်ဖျပ်ခပ်ကာ ထိန်းရင်း ရင်ထဲမှ တီးတိုးပြောနေမိသည်။

"နေ့ခင်းက ကြက်ဈေးတက်သွားသေးတယ် အမေရဲ့၊ အမေ မသိလိုက်လို့ပါ။ ဒါကြောင့်မလို့ အမေတို့ ကြက်သားကြော် အဝစားကြရတာလေ..."

## လမြတ်ဝါခေါင်

– ရပ်ရှစ်ခွင်တိုင်း အံ့မှိုင်းဝေရီ
ဝါခေါင်လထူး ဆော့မြူးမိုးလေချီ
သိမှတ်သိဟ်ရာသီ နဒီရေခင်း
နက္ခတ်သရဝဏ် ကောင်းကင်ယံ
ရောင်လျှံထွန်းပ လင်းသည်နှင့်လေး။

– ပန်းရောင်စုံသင်း မြိုင်တွင်းအငူ
အဆင်းရနံ့ သင်းပျံ့လေဆောင်ယူ
ဒဟတ်ပန်းဖြူ သင်းကြူထနောင်း
ကြောင်ကျစ်ခတ္တာ ဇလပ်ဝါ
မွှေးကာရနံ့ ပေါင်းသည်နှင့်လေး။

– မြန်မာ့ဓလေ့ကောင်း မွေ့အောင်းဖွယ်ရာ
စာရေးတံမဲ လှူမြဲတစ်နှစ်တစ်ခါ
ထူးမြတ်သံဃာ သဒ္ဓါရိုကျိုး
လှူဖွယ်စုံလင် စိတ်မှာရွှင်
အစဉ်ဒါန ပျိုးသည်နှင့်လေး။

– မေတ္တာအကျိုး တန်ဖိုးဂုဏ်အင်
တန်ခိုးရောင်လျှပ် လူနတ်တို့ချစ်ခင်
ပန်းတို့အသွင် အစဉ်ထုံမွှေး
လပြည့်ချိန်ခါ တရားသံသာ
လူ့ရွာငြိမ်းချမ်း အေးသည်နှင့်လေး။

– ရာသီအေးမြ စမ်းများတင့်ရာပေါ့အတည်။
– ခါမီမွှေးမြ ပန်းများပွင့်ရာကြတော့သည်။ ။

**ရွှေတိုး(ထုံးဘို)**

# မင်းတုန်းမြို့နယ် မှိုက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ လွှာဝကျေးရွာအုပ်စု မှိုက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မှိုက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်ထံမှ သိရသည်။

**နော်လူး**

# ချစ်စရာ့အရွယ် စာဖတ်မယ်

## အိုးသုံးလုံးနှင့် သူငယ်ချင်းသုံးယောက်

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"အိုးသုံးလုံးနှင့်သူငယ်ချင်းသုံးယောက်"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးသုံးယောက်ရှိသတဲ့။ သူဌေးကြီးသုံးယောက်စလုံးက မြို့ရဲ့မျက်နှာဖုံးတွေဖြစ်သလို တစ်ယောက်နဲ့တစ်ယောက်လဲ ရင်းနှီးကျွမ်းဝင်တဲ့မိတ်ဆွေတွေဖြစ်သတဲ့ကွယ်။ အဲဒီသူဌေးကြီးသုံးယောက်မှာ သားတစ်ယောက်စီ မွေးထားသတဲ့။ အဲဒီသူဌေးသားသုံးယောက်ဟာလဲ သူငယ်ချင်းတွေဖြစ်သလို ကျောင်းတစ်ကျောင်းထဲမှာ အတူတူပညာသင်ကြားနေသတဲ့ကွယ်။

ကျောင်းဆိုတာက အခုခေတ်လို စာသင်ကျောင်းတွေမဟုတ်ဘူး။ တက္ကသိုလ်ရဲ့ အကြီးအမှူးဖြစ်တဲ့ ဒိသာပါမောက္ခဆရာကြီးတွေဆီမှာသွားပြီး နှစ်နဲ့ချီသင်ကြားရသတဲ့။ ဒိသာပါမောက္ခဆရာကြီးကတော့ သူတို့တတ်ထားတဲ့ အတတ်ပညာ၊ အသိပညာတွေ အားလုံးကို ဘယ်သူဘယ်ဝါမခွဲခြားဘဲ တန်းတူညီမျှ သင်ကြားပေးတာပေါ့ကွယ်။

သူဌေးသားသုံးယောက်လဲ ငါးနှစ်လောက်ကြာပြီးတဲ့အခါမှာ တတ်သင့်တတ်အပ်တဲ့ ပညာရပ်တွေ သင်ယူတတ်မြောက်သွားကြသတဲ့။ ဒီလိုနဲ့ ဒိသာပါမောက္ခဆရာကြီးက သင်ယူတတ်မြောက်ကြောင်းလက်မှတ်ပေးပြီး ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ခွင့်ပေးလိုက်သတဲ့ကွယ်။ ပြန်ခွင့်ရတဲ့အတွက် သူငယ်ချင်းသုံးယောက်စလုံး ပျော်ရွှင်နေခဲ့တာပေါ့ကွယ်။

သူဌေးသားသုံးယောက်စလုံးက တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ တစ်ယောက်ရဲ့အခက်အခဲကို တစ်ယောက်က ရိုင်းပင်းကူညီရင်း ပြန်ခဲ့ကြတာပေါ့။ ညဘက်ရောက်တဲ့အခါ ဘေးမဖြစ်နိုင်တဲ့နေရာကို ရွေးချယ်ပြီး အိပ်စက်အနားယူကြရမှာဖြစ်တဲ့အတွက် နေရာရှာရတာပေါ့ကွယ်။

အဲဒီလိုနဲ့ ကြီးမားပြီး အရိပ်အာဝါသကောင်းမွန်တဲ့ ညောင်ပင်ကြီးတစ်ပင်ကိုတွေ့သတဲ့။ သူငယ်ချင်းသုံးယောက်စလုံး အဲဒီအပင်ကြီးရဲ့အောက်မှာ တစ်ညတာနားနေဖို့သဘောတူလိုက်ကြပြီး အပင်ကြီးရဲ့အောက်မှာရှိတဲ့ အမှိုက်သရိုက်တွေ၊ ချုံနွယ်တွေကို ရှင်းလင်းပြီး နေရာထိုင်ခင်းလုပ်ကြတာပေါ့ကွယ်။ တစ်ညတာလုံး လုံလုံခြုံခြုံနဲ့ အနားယူကြသတဲ့ကွယ်။

ဒီလိုနဲ့ နံနက်ခင်းရောက်တော့ သူတို့ခရီးစထွက်မဲ့အချိန်မှာရုက္ခစိုးနတ်မင်းကြီးက ဘွားခနဲကိုယ်ထင်ပြသတဲ့။ ပြီးတော့ "အမောင်လုလင်တို့ သင်တို့



သုံးယောက်ဟာ ကျွန်ုပ်ရဲ့ဘုံဗိမာန်အောက်က ချုံနွယ်တွေ၊ အမှိုက်တွေကို ရှင်းပေးတယ်။ အဲဒီအတွက် သင်တို့ကို ကျေးဇူးပြုလိုတယ်လို့ဆိုသတဲ့ကွယ်။ ဟောဒီအိုးသုံးလုံးကို တစ်ယောက်တစ်လုံး ယူပေတော့"ဆိုပြီးပေးလိုက်သတဲ့။

ရုက္ခစိုးနတ်မင်းကြီးပေးတဲ့ အိုးသုံးလုံးကို ကြည့်လိုက်တော့ ရွှေအိုးရယ်၊ ငွေအိုးရယ်၊ ပညာအိုးရယ်ဆိုပြီး တွေ့လိုက်ရသတဲ့။ ပထမသူဌေးသားက ငါ့အတွက်ပညာစုံအောင်သင်ယူပြီးပြီဖြစ်လို့ ရွှေအိုးကို ယူမယ်ပြောတော့ ကျန်တဲ့သူဌေးသားနှစ်ယောက်က သဘောတူတယ်။ ဒုတိယသူဌေးသားကလဲ ပထမသူဌေးသားလိုတွေးပြီး ငွေအိုးကိုယူလိုက်သတဲ့။ တတိယသူဌေးသားအတွက်တော့ ပညာအိုးပဲကျန်တဲ့အတွက် ပညာအိုးကိုပဲ လိုလိုချင်ချင် တလေးတစား ယူလိုက်သတဲ့ကွယ်။

သူငယ်ချင်းသုံးယောက်စလုံး တစ်ယောက်ကို အိုးတစ်လုံးစီပိုက်ပြီး ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်လာကြသတဲ့။ ပြန်ရောက်ပြီး ကာလတစ်ခုကြာတော့ ပထမသူဌေးသားက အသောက်အစားတွေကိုပဲ မက်မက်မောမောဖြစ်ပြီး ရယ်ကာမောကာနေထိုင်ခဲ့တာပေါ့။ ဒုတိယသူဌေးသားကတော့ အဲလိုမဟုတ်ဘူး။ သူတတ်ထားတဲ့ပညာနဲ့ ဖခင်သူဌေးကြီးရဲ့ လက်ငုတ်လက်ရင်း အလုပ်တွေကိုပဲ လုပ်ကိုင်ခဲ့တယ်။ဒါပေမဲ့ ဖြစ်ဖြစ်မြောက်မြောက် အောင်အောင်မြင်မြင်တော့ဖြစ်မလာဘူးပေါ့။

တတိယသူဌေးသားကတော့ ပထမသူဌေးသားလို၊ ဒုတိယသူဌေးသားလိုမဟုတ်ဘူး။ အမြဲတမ်းသင်ယူတတ်မြောက်ချင်စိတ်ရှိတယ်။ အဲဒီတော့ အသိအမြင်အတွေးအခေါ် ဗဟုသုတနဲ့ ပြည့်စုံတယ်။ အရာရာကို ချင့်ချိန်စဉ်းစားတယ်။ သိသူတတ်သူ ဆရာမိဘ၊ လူကြီးသူမတွေရဲ့ နည်းပေးလမ်းပြမှုကိုလဲ လေးလေးစားစားခံယူပြီး ဖခင်သူဌေးကြီးရဲ့အထောက်အပံ့ နည်းနည်းကိုအရင်းတည်ပြီး စီးပွားတိုးတက်အောင်လုပ်တဲ့အခါ အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ အောင်မြင်လာသတဲ့။

အချိန်ကာလအတန်ကြာတော့ သူဌေးသားသုံးယောက်စလုံး ဖခင်သူဌေးကြီးတွေ ကွယ်လွန်သွားကြသတဲ့။ အဲဒီအချိန်မှာ ပထမသူဌေးသားရဲ့ ကြီးပွားချမ်းသာခြင်းတွေကလဲ တစ်နေ့တခြား ဆုတ်ယုတ်လာတယ်။ ဒုတိယသူဌေးသားကလဲ ပညာမထူညာဏ်မကူတော့ အောင်မြင်မှုမရဘဲ အရှုံးတွေနဲ့သာ ရင်ဆိုင်နေခဲ့တာပေါ့ကွယ်။

နောက်ဆုံးတော့ တတိယသူဌေးသားဆီကိုသွားပြီး ကူညီဖေးမပေးဖို့တောင်းခံကြသတဲ့။ တတိယသူဌေးသားရဲ့ ဝေဖန်အကြံပြုချက်တွေအတိုင်း လုပ်ကိုင်ဖို့ နာခံခဲ့ကြတာပေါ့ကွယ်။ အဲဒီအခါမှ သူတို့တွေရဲ့ အကျပ်အတည်းတွေပြေပျောက်လာပြီး အဆင်ပြေစွာ နေထိုင်သွားနိုင်ခဲ့သတဲ့ကွယ်။

ကလေးတို့ရေ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ကလေးတို့လဲ ဒီပုံပြင်လေးထဲက တတိယသူဌေးသားကိုအတုယူပြီး ပညာကိုတန်ဖိုးထားပြီးသင်ယူရမယ်နော်။ပညာဆိုတာ သိပြီတတ်ပြီ၊ပြည့်စုံသွားပြီဆိုတာမရှိဘူး။

အမြဲတမ်း သင်ယူလိုစိတ်ရှိနေရမယ်။ ပညာရပ်တိုင်းက သူ့နေရာနဲ့သူ တန်ဖိုးရှိနေကြတာမဟုတ်လား။ အဲဒါကြောင့် ပညာသင်ကြားမဲ့အချိန်မှာ ပညာသင်ပြီး တတ်မြောက်ထားတဲ့ပညာရပ်တွေကို အသိအမြင် အတွေးအခေါ်တွေနဲ့ ပေါင်းစပ်ပြီး အောင်မြင်ပျော်ရွှင်ဖွယ်ဘဝတစ်ခုကို ပုံဖော်တည်ဆောက်နိုင်ပါစေလို့ ဦးဦးဆုတောင်းပေးလိုက်ပါတယ်နော်။ ။

**ကိုမျိုး(ပွင့်ဦး)**

## တို့ကျောင်းကလေး



♦ တို့ကျောင်းကလေး ရွာအလယ်
ဖွင့်လှစ်ထားပါတယ်၊
တို့မောင်မယ်တွေ အရောက်သွား
တက်ရောက် စာသင်ကြား။

♦ မိဘဘိုးဘွား သူတို့တွေ
သည်ကျောင်းတက်ဖူးပေ၊
ပညာအမွေ လက်ဆင့်ကမ်း
တို့ရွာစာသင်ခန်း
မွေးထုတ် ပညာ့ပန်း။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

## စာဘူးတောင်းအိမ်လေး



♦ သစ်ပင်ကိုင်းဖျား တွဲလောင်းဟာ
စာဘူးတောင်း အိမ်ပါ။

♦ အိမ်ကလေးမှာ ခိုင်ခံ့သား
သေချာ ဆောက်လို့ထား။

♦ အိမ်ပိုင်ရှင်များ စာလေးတွေ
လေထဲဝဲပျံနေ။

♦ သားပေါက်လေးတွေ စာခွံ့ကျွေး
မိဘမေတ္တာဖွေး
စာဘူးတောင်း အိမ်လေး။ ။

**သုတလင်း(ဆင်ပေါင်ဝဲ)**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လျော့ချလုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။




“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၈၄၀၄ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ရေဦး ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၈၄၀၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၈၄၀၄ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဖူးစားပြောင်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဖူးစားပြောင်းဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးညိုမြို့နယ် ကြို့ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

မိုးညို ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ကြို့ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ကြို့ပင်သာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၄၀ သိန်း ၇၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၃ ဒသမ ၇၅ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၄ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၇ သိန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။ **အေးမြတ်**







## အမည်ပြောင်း

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီ ရာမရပ်ကွက် မဟာကိုယ်ပိုင်အထက်တန်းကျောင်း Grade-11တွင် ပညာသင်ကြားနေသော (ဘ) ဦးဆောင်ပြည့် (၉/ပကခ(နိုင်)၀၀၈၁၆၀)၏ သား မောင်သူ့ပြည့်လျှံ အား မောင်သုပြည့်လျှံ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မောင်သုပြည့်လျှံ

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ငါဆူတောင်ကျေးရွာ၊ အမှတ်(၁)ရပ်ကွက်နေ စုစုဒွေး (ဘ) ဦးစိုးမင်း(၈/နမန(နိုင်)၂၄၁၃၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-954463156.

## ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့၊ အောင်သပြေ (၃)ရပ်ကွက်နေ မခင်ထွန်းဦး (ဘ) ဦးဟွမ်ချွင်းဟော်(၁/မညန(နိုင်)၁၀၇၇၇၂)၏ ပတ်စ်ပို့နံပါတ်-MF 136933 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-447651386.

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အကွက် (၁၀၀)နေ ဦးမောင်မောင်ဦး+ဒေါ်ဥမ္မာခိုင်၏ သား မောင်ဝင်းခိုင်ဦး (၉/ပသက(နိုင်)၁၃၈၁၅၁)သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို ပြုလုပ်ခြင်း၊ မိဘများ စိတ်ဆင်းရဲစေသောကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းများကြောင့် ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ မိဘညီအစ်ကိုမောင်နှမများနှင့်လည်း လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မိခင်

ဒေါ်ဥမ္မာခိုင် (၆/လလန(နိုင်)၀၄၇၉၄၁)

## အမည်မှန်

မလှိုင်မြို့၊ မြတ်ခွန်ကိုယ်ပိုင်ကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော အဘ ဦးအောင်ကျော်လွင် (၉/နထက(နိုင်)၀၃၄၆၅၅)၏ သား မောင်နေတိုး၏ အမည်မှန်မှာ မောင်တိုးဝေအောင် ဖြစ်ပါကြောင်း။

မောင်တိုးဝေအောင်

**သင့်သွေး ဖြင့် အသက် ကယ်ပါ**

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။
- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဓါယာရှော့ဖြစ်ခြင်း။
- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။
- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သို့ ရောက်ရှိ

စာမျက်နှာ - ၁၆

# နိုင်ငံတော်သမ္မတ၏ ဇနီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

စာမျက်နှာ - ၂၁

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်
ထိန်းကြစို့။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ-၂၀၂၆(မန္တလေး) (Tastes of the Golden Land 2026 Mandalay) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ - ၂၀၂၆ (မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

မန္တလေး ဩဂုတ် ၂၂

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆(မန္တလေး) (Tastes of the Golden Land 2026 Mandalay) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

# ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ - ၂၄

# အာဆီယံအားကစားနေ့(ASEAN Sports Day) အထိမ်းအမှတ် အားကစားလှုပ်ရှားဆောင်ရွက်မှုအဖြစ် စုပေါင်းလမ်းလျှောက်၍ အားကစားပြိုင်ပွဲများကျင်းပ



နေပြည်တော် ဩဂုတ် ၂၂

၅၉ နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၆ ခုနှစ် အာဆီယံအားကစားနေ့ (ASEAN Sports Day) အထိမ်းအမှတ် အားကစားလှုပ်ရှားဆောင်ရွက်မှုအဖြစ် စုပေါင်းလမ်းလျှောက်ခြင်းနှင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးညီညီနှင့် တက်ရောက်လာကြသူများနှင့်အတူ အာဆီယံအားကစားနေ့ (ASEAN Sports Day) အထိမ်းအမှတ်အဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘောလုံးကွင်းပတ်လမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။

ထို့ပြင် အားကစားလှုပ်ရှားဆောင်ရွက်မှုများအဖြစ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ အပြေးပြိုင်ပွဲမီတာ ၂၀၀ နှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများနှင့်


စာမျက်နှာ ၂၅ ကော်လံ ၄ ❖

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း

စာမျက်နှာ ၂၅ ကော်လံ ၄ ■




# နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းလွန်- ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၅)

ဆောင်းပါး

စာမျက်နှာ - ၁၉

# နိုင်ငံ့သားကောင်း တာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေး ထုတ်ပြန်ချက်

စာမျက်နှာ - ၂၅